| Xperia V | 262000 |
| Xperia M | 143000 |
| Xperia M2 | 230000 |
| Xperia Z1 Compact | 447000 |
| Xperia C | 208000 |
| Xperia E1 | 124000 |
| Xperia J | 150000 |
| **Huawei** | |
| P7 | 343000 |
| P6 | 233000 |
| G6 | 170000 |
| Honor 3C | 153000 |
| 610+ | 108000 |
| G730 (B) | 122000 |
| C8816 | 123000 |
| Y511 | 82000 |
| Y325 | 48000 |
| Y320 | 55000 |
| Y5521 | 35000 |
| Y600 | 92000 |
| Y321 (C+G) | 73000 |
| T2002 | 28000 |
| **iPhone** | |
| 5 S (16GB) Gold | 656000 |
| 5 S(32GB) | 765000 |
| 5 C(16GB) | 572000 |
| **HTC** | |
| HTC One | 509000 |
| HTC One Max | 616000 |
| One X | 332000 |
| One XL | 429000 |
| One V | 187000 |
| HTC Butterfly | 492000 |
| Desire VC (C+G) | 175000 |
| Desire 600C(G+C) | 300000 |
| Desire 700C (C+G) | 349000 |
| Desire 816 (C+G) | 368000 |
| Desire 300G | 182000 |
| Desire 310G | 145000 |
| **Samsung** | |
| Galaxy S5 | 572000 |
| Note 3(N 9000) | 502000 |
| Note 3(N 9005) | 567000 |
| Note3 Neo | 407000 |
| Note 2 N(7100) | 380000 |
| GalaxyTab 3-10.1 | 403000 |
| Galaxy Tab 3(7.0) | 213000 |
| Galaxy Tab 3(8.0) | 305000 |
| Galaxy Tab 3 Lite | 175000 |
| Galaxy mega (6.3) | 372000 |
| Galaxy mega (5.8) | 290000 |
| S4 | 417000 |
| S4 mini | 342000 |
| S3 | 273000 |
| S3 mini | 217000 |
| S2 Plus | 217000 |
| Galaxy Grand | 242000 |
| Galaxy Grand (G+C) | 250000 |
| Galaxy GrandNeo | 212000 |
| Galaxy Grand 2 | 283000 |
| Galaxy Core | 171000 |
| Galaxy Express | 240000 |
| Galaxy S Advance | 205000 |
| Galaxy Star Plus | 100000 |
| Galaxy Ace2 | 165000 |
| Galaxy E1195 | 32000 |
| Galaxy Y | 93000 |
| Galaxy Ace Plus | 139000 |
| Galaxy Ace 3 | 151000 |
| **Nokia** | |
| 510 | 30000 |

ဈေးနှုန်းများကို ကူညီပံ့ပိုးပေးသော မိုဘိုင်းဖုန်းဆိုင်များအား အထူးကျေးဇူးတင်ရှိပါသည်။
(၃၀ – ၆ – ၂၀၁၄)နေ့အထိ ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။

# How to buy?



## Sandisk SDCZ53-008GB

**Price : 10,300 Kyats (16GB) , Ph : 01 386831**

SanDisk မှ အသစ်ထပ်မံထုတ်လုပ်ထားသော USB 2.0 Memory Stick ဖြစ်ပါသည်။ Windows OS တွေအားလုံးမှာ အသုံးပြုနိုင်သည့်အပြင် Mac OS မှာပါ ကောင်းမွန်စွာ အသုံးပြုနိုင်ပါသည်။ Design ပုံစံကျစ်လျစ်ပြီး ပါးလွှာသေးငယ်သည့် အတွက် လူကြီး လူငယ်မရွေး ကြိုက်နှစ်သက်စေမှာဖြစ်ပါတယ်။ သာမန် Design ပုံစံမှခွဲထွက်ပြီး ရိုးရှင်းလွယ်ကူမှုကို ဦးစားပေးထုတ်လုပ်ထားတဲ့အတွက် လွယ်ကူစွာအသုံးပြုနိုင်မှာဖြစ်ပါတယ်။ အနက်ရောင်ကိုယ်ထည်နှင့်ဖြစ်ပြီး သပ်ရပ်စတိုင်ကျမှုရှိလှပါတယ်။ USB 2.0 ဖြင့် အသုံးပြုရမှာဖြစ်သည့်အတွက် Data Transfer ကောင်းမွန်သည့်အတွက် Data တွေကိုလွယ်ကူလျှင်မြန်စွာ သိမ်းနိုင်သည့်အပြင် အာမခံအနေဖြင့် PTA Co., Ltd မှ တစ်သက်တာအာမခံပေးထားသည့်အတွက် သုံးစွဲသူတို့ စိတ်ကျေနပ်ရကောင်းသော အာမခံချက်ဖြစ်ပါသည်။



### Tte HT-SHK002E CBL (Shock)

- Stereo, Frequency Response : 20Hz-20KHz
- Sensitivity 114
- Cable Length
- Noise Cancelling Microphone
- Enhanced Bass Performance
- 40mm Ear-Cup/ 3.5mm/ Stereo

Price : US$ 40
Contact Phone: 01 2304848



### Tte HT- SHK002ECYE

- Stereo, Frequency Rsponse: 20Hz-20KHz
- Sensitivity 114
- Cable Length
- Noise Cancelling Microphone
- Enhanced Bass Performance
- 40mm Ear-Cup/ 3.5mm/ stereo

Price : US$ 40
Contact Phone : 01 2304849



### Tte HT-SHK002ECBU(SHOCK)

- Stereo
- Frequency Response:20Hz-20KHz
- Sensitivity 114, Cable Length
- Noise Cancelling Microphone
- Enhanced Bass Performance
- 40mm Ear-Cup/ 3.5mm/ Stereo

Price : US$ 40
Contact Phone : 01 2304850



### Tte HT-SHK002ECOR

- Stereo
- Frequency Response : 20Hz:20KHz
- Sensitivity 114
- Cable Length
- Noise Cancelling Microphone
- Enhanced Bass Performance
- 40mm Ear-Cup/ 3.5mm/ Stereo

Price : US$ 40
Contact Phone : 01 2304848



### MSI Nvidia Geforce GTX760TF

- Mem Clk 6008 MHz
- Mem Interface 256 bits
- GD5 2GB, 2DVI , HDMI
- HDMI, HDCP, Dual Link DVI
- Max Resolution, OpenGL 4.3, DX 11.1
- Nvidia 3D Vision & 3 Way SLI

Price : 281,000 Kyats
Contact Phone: 01 240110



### MSI N660TF 2GD5/OC

- Twin Frozr III
- Dual 8 PWM Fans with SuperPipe Technology
- 3Dvision Surround , Core Clk 1033MHz
- Mem Clk 6008MHz, Mem Interface 192bits
- GD5 2GB, 2 DVI, HDMI,
- Display Port : HDCP, HDMI, Dual LInk DVI
- Max Resolution (2560×1600)
- Open GL 4.2, DX11, SLI & 3-way SLI Support

Price : 218,000 Kyats
Contact Phone : 01 240110



### MSI Nvidia Geforce GTX 750

- 1059MHz Core , Core Clock Speed 1059
- Mem Clock Speed 5000MHz
- Mem Interface 128bit, PCI Express ×16 3.0
- DVI output 1 , D-Sub output 1
- HDMI-Output 1, HDCP Support
- HDMI Support, Dual-Link DVID ×1

Price : 146,000 Kyats
Contact Phone : 01 240110



### MSI N630GT-MD 4GD3

- Core Clk 810MHz, Mem Clk 1000MHz
- Mem Interface128 bits, GD3 4GB
- DVI, D-Sub, HDMI
- Support HDCP, HDMI, Dual Link DVI
- Max Resolution 2560×1600
- OpenGL 4.2, DX11, Afterburner

Price : 88,000 Kyats
Contact Phone: 01 240110



### GA-H87M-D3H

- Support For DualBIOS™
- AMD CrossFireX™ Technology
- Ultra Durable™ 4 Plus
- Intel Small Business Advantage
- High ESD Protection For USB and LAN
- G-LAN Raid 0/1/5/10

Price : US$ 98
Contact Phone: 01 2304848



### GA-B85M-HD3

- Support For DualBIOS™
- Ultra Durable™ 4 Plus
- One Fuse Per USB Port
- Intel Small Business Advantage
- Intelligent Optimization Network Management tool
- HDMI Ports, G-LAN
- 4 × SATA 6.0Gb/S

Price : US$ 86
Contact Phone : 01 2304849



### GA-H81M-S2PV

- Support For DualBIOS™
- Ultra Durable™ 4 Plus
- One Fuse Per USB Port (USB 3.0 Only)
- Intel Small Business Advantage
- LAN Optimizer - Intelligent Optimization Network Management tool
- SK1150, H81, 16GD3, PCI-Ex16

Price : US$ 72
Contact Phone : 01 2304850



### GA-H81M- DS2

- Support for Dual BIOS
- Ultra Durable™ 4 Plus
- One Fuse Per USB Port (USB 3.0 Only)
- Intel Small Business Advantage
- LAN Optimizer- Intelligent Optimization Network Management tool
- SK1150, H81, 16GD3, PCI-Ex 16

Price : US$ 66
Contact Phone : 01 2304848



### Yoga 11"s (i3)

- 11.6HD LED Multi-touch
- i3-3229Y, 4GB (1×4096) DDR3
- 256SSD, Integrated, LAN
- Lenovo b/g/n, BT 4.0, Camera HD 720P
- HDMI, Standard Spkr, Veriface
- One Key Rescue System, Card Reader
- Windows 8, 4 cell, Clementine Orange
- Free Stylish Sleeve, 2 Years Warranty

Price : US$ 919
Contact Phone: 01 381129




### Yoga 13" (i3)

- 13.3 HD+ IPS Multi-touch
- Intel Core i3 Processor 3227U
- 4GB (1×4096) DDR3, 128GB SSD
- Integrated, Lenovo b/g/n
- BT, 1.0MP HD Camera
- Standard Spkr, Veriface
- One Key Rescue System
- HDMI Win8 64 EM
- Grey, Orange, 1 Year Warranty

Price : US$ 839
Contact Phone: 01 381129



### Flex 14 (i3) Touch

- 14.0 HD LED Multi-Touch (SLIM)
- Intel Core™ i3-4010U Processor
- 4GB (1*4GB DDR3 1600),
- 500GB 5400RPM SSHD (8G)
- NVIDIA Geforce GT720M DDR3 2GB
- Intel 7260 2×2 BGN+BT 4.0
- CAMERA HD 720P With Array Mic
- Black Texture 4 Cell 48WH
- Windows 8.1, 1 Year Warranty

Price : US$ 669
Contact Phone: 01 381129




### Flex 15 (i7) Touch

- 15.0" HD LED ANTI-Glare (Flat)
- Intel CoreTM i7 4500U 1.8GHz~ 2.4GHz
- 4GB(1*4GB DDR3 1600)
- 500GB 5400RPM, GT720M DDR3 2GB
- Non- Intel 1×1 BGN + BT 4.0
- Camera 1.0M HD
- 4 Cell 48WH, Windows 8.1
- Black, Free Carry Case, 1 Year Warranty

Price : US$ 859
Contact Phone: 01 381129



## Acer Aspire R7

- 3rd Generation Intel Core i5-3337U
- Intel HD Graphics 4000
- 8GB DDR3 Memory, 1TB HDD
- 15.6" Full HD Ultraslim IPS Touch Panel
- Acer Nplify 802.11 a/g/n Wifi, Bluetooth 4.0
- Acer Crystal Eye Full HD Webcam
- USB 3.0, Mini HDMI, GbLAN, CardReader
- VGA ext, 4- cell Li-Polymer Battery
- Weight 2.4kg
- Windows 8 Single Language 64-bits

Price : 149,900 Kyats
Contact Phone: 01 2301797



## Acer Aspire S7

- 4th Generation Intel Core i5-3317U
- Intel IHD Graphic 4000
- 4GB DDR3 Memory, 128GB SSD
- 13.3" Multi-Touch FHD IPS LCD
- Intel Wireless Display (WiDi), bluetooth 4.0
- Acer Crystal Eye Full HD Webcam
- USB 3.0, Mini HDMI, GbLAN, Card Reader
- VGA ext., Power off Charg
- 4-cell Li-Plymer Battery, Weight-1.3kg
- Windows 8 Single Language 64-bits

Price :1,450,000 Kyats
Contact Phone: 01 2301798



## Acer Aspire P3-171

- 3rd Generation Intel Core i3-3229Y
- 2GB DDR3 Memory, 60GB SSD
- 11.6" Multi-touch HD IPS LCD
- Acer Crystal Eye Full HD Webcam/ 5MP Camera
- Acer Nplify 802.11 a/g/n, Bluetooth 4.0
- USB 3.0, Mini HDMI
- 4- Cell Li-Polymer Battery

Price : 729,000 Kyats
Contact Phone: 01 2301798



## Acer Iconia W4 ( Windows Tablet)

- Intel AtomTM Processor Z3740
- 2GB DDR3 Memory, eMMC 64 GB
- 8.0" Display with IPS Technology Acer Nplify 802. 11 a/g/n, Bluetooth 4.0
- Acer Crystal Eye Full HD Webcam/ Front and Back 2Mp

Price : 465,000 Kyats
Contact Phone: 01 2301797



## ASUS K450LC-WX103D

- Intel Core™ i3 4010U - 1.7GHz 3M
- 4GB DDR3L 1600 MHz
- 14.0" Full HD
- 2GB DDR3 Nvidia Geforce GT 720M
- 500GB HDD 5400 RPM
- HD Web Camera
- Super-Multi DVD

Price : US$ 609
Contact Phone : 01 2304849



## ASUS X451CA-VX028D

- Intel 1007U 1.5GHz 2M
- 4GB DDR3 1600MHz
- 14.0" Full HD
- Intel GMA, 500GB HDD 5400 RPM
- HD Web Camera
- Super- Multi DVD

Price : US$ 369
Contact Phone : 01 2304850



## ASUS K450LN-WX037D

- Intel Core i7 4500U 1.8GHz
- 4GB DDR3L 1600MHz
- 14.0" Full HD
- 2GB DDR3 2 NVIDIA Geforce GT 840M
- 1TB HDD 5400 RPM
- HD Web Camera, Super Multi DVD

Price : US$ 769
Contact Phone : 01 2304848



## MSI GS 60 2PC (Gaming)

- Intel 4th Gen Core™ i7 2.40GHz Processor
- nVIDIA Geforce GTX 860M/2GB GDDR5
- DDR3L 8GB 1600MHz
- Slot * 2, (max 16GB) , 1TB (7200RPM)
- 15.6" Full HD (1920×1080) Anti Glare
- Gigabit LAN, HD Webcam Bluetooth 4.0
- USB 3.0, HDMI, mDP X2 Port

Price : 1,503,000 Kyats
Contact Phone : 01 240110



## MSI GE 60 20E (Gaming)

- Intel 4th Gen Core™ i7 2.40GHz Processor
- DDR3L 8GB 1600MHz
- 1TB SATA, DVD SuperMulti
- 15.6" Full HD Anti-Glare
- nVIDIA Geforce GTX765M 2GB DDR5
- WiFi, Gigabit LAN, HD Webcam

Price : 1,144,000 Kyats
Contact Phone : 01 240110



## MSI GE 60 2PC (Gaming)

- Intel 4th Gen Core™ i7 2.40GHz Processor
- DDR3L 8GB 1600MHz, 1TB SATA
- DVD SuperMulti, 15.6" Full HD Anti-Glare
- nVIDIA Geforce GTX850 2GB DDR5
- WiFi, Gigabit LAN, HD Webcam
- Bluetooth 4.0, HDMI, D-Sub, USB 3.0

Price : 1,232,000 Kyats
Contact Phone : 01 240110



## MSI GP60 20D (Gaming)

- Intel 4th Gen Haswell Core i7 2.40GHz
- DDR3L 8GB 1333 MHz
- 1TB HDD + 24GB SSD
- DVD SuperMulti, HD Webcam
- 15.6 Full HD LED Backlight
- Anti-Glare, Wifi, Gigabit LAN
- nVIDIA Geforce GT 740M 2GB DDR3

Price : 1,008,000 Kyats
Contact Phone : 01 240110

# How to buy?



## Lenovo G400 Celeron 1005m Specification

**Price - US$ 349, Ph: 01 381129**

ကျပ် ၃ သိန်းကျော်နဲ့ Laptop ကောင်းကောင်းအသုံးပြုချင်သူများအတွက် lenovo G400 Celeron 1005m ရှိပါတယ်။ Intel Celeron 1005M CPU နဲ့ 2GB DDR3 Memory ပါဝင်တာကြောင့် Multi-tasking ၃-၄ ခုလောက်တော့ကောင်းကောင်းလုပ်နိုင်ပါတယ်။ HD Game တွေကစားဖို့အတွက်လည်း Intel HD Graphics ပါဝင်တာကြောင့် 14" WXGA LED Display နဲ့ ရုပ်ထွက်ကောင်းကောင်းမွန်မွန်ပြတ်ပြတ်သန်သန်ကစားနိုင်ပါတယ်။ Storage ပမာဏ 500GB ရှိတဲ့ Hard Disk Drive ပါရှိပြီး Lenovo Laptop တွေမှာပါဝင်တဲ့ One Key Rescue System ကိုအသုံးပြုနိုင်ပါတယ်။



## Vostro 5470

- T14MLK_1501_968
- 4th Gen Intel Core™ i5-4200U Processor
- 4GB DDR3L 1600MHz
- 500GB 5400RPM SATA Hard Drive
- UBUNTU , 14"
- Nvidia Geforce GT740M 2GB DDR3
- Dell™ Wireless bluetooth v4.0

Price : US$ 699
Contact Phone : 01 381129



## Vostro 5470

- TTN14MLKNUB_1405_003W
- 4th Gen Intel Core i5-4200U Processor
- 4GB DDR3L 1600MHz
- 500GB 5400RPM SATA Hard Drive
- Windows 8.1 Single Language (64bit)
- 14" , Dell™ Wireless Bluetooth v4.0
- Nvidia Geforce GT630M 2GB DDR3

Price : US$ 749
Contact Phone : 01 381035



## XPS11

- XPS11_1501_3001W
- 4th Gen Intel Core™ i5-4210Y Processor
- 4GB DDR3L-RS 1600MHz
- 256GB Solid State Drive
- Windows 8.1 (64bit) English
- 11.6inch UltraSharp™ LED Backlit Touch Display With Truelife and QHD Resolution
- Intel HD Graphic 4200

Price : US$ 1,540
Contact Phone : 01 381129



## XPS13

- xps13_1501_1570w
- 4th Gen Intel Core™ i7 4500U Processor
- 8GB DDR3L-RS 1600MHz
- 256GB Solid State Drive
- Windows 8.1 (64Bit) English
- 13.3 inch LED Backlit Touch Displaywith Truelife and FHD resolution (1920×1080)
- Intel HD Graphic 4400

Price : US$ 1,699
Contact Phone : 01 381035



## ASUS K450LD-WX115D

- Intel Core™ i5 4200U-1.6GHz
- 4GB DDR3L 1600MHz
- 14.0" Full HD
- 2GB DDR3 NVIDIA Geforce GT 820M
- 500GB HDD 5400 RPM
- HD Web Camera Super Multi DVD

Price : US$ 669
Contact Phone : 01 2304848

# BUDGET PHONE

## Gionee M 70

**Price - 30,000**




| | |
|---|---|
| Network | : GSM |
| Screen | : 4 inches |
| Camera | : 5.0 MP |
| Memory | : Cardslot |
| Bluetooth | : Yes |
| OS | : Android |
| Contact | : 09-31397877 |

## Gionee L 800

**Price - 50,000**




| | |
|---|---|
| Network | : GSM |
| Screen | : 2.2 inches |
| Camera | : 1.3 MP |
| Memory | : Cardslot |
| Bluetooth | : Yes |
| OS | : Java |
| Contact | : 09-31397877 |

## Gionee S 20

**Price - 40,000**



| | |
|---|---|
| Network | : GSM |
| Screen | : 2.4 inches |
| Camera | : VGA |
| Memory | : Cardslot |
| Bluetooth | : Yes |
| OS | : Java |
| Contact | : 09-31397877 |

## Gionee S30

**Price - 48,000**




| | |
|---|---|
| Network | : GSM |
| Screen | : 2.6 inches |
| Camera | : 1.3 MP |
| Memory | : Cardslot |
| Bluetooth | : Yes |
| OS | : Java |
| Contact | : 09-31397877 |

## Gionee B 118

**Price - 30,000**



| | |
|---|---|
| Network | : GSM |
| Screen | : 1.5 inches |
| Camera | : VGA |
| Memory | : Cardslot |
| Bluetooth | : Yes |
| OS | : Java |
| Contact | : 09-31397877 |

## Gionee L 200

**Price - 30,000**




| | |
|---|---|
| Network | : GSM |
| Screen | : 3 inches |
| Camera | : 4MP |
| Memory | : Cardslot |
| Bluetooth | : Yes |
| OS | : Java |
| Contact | : 09-31397877 |

## Gionee P 50

**Price - 59,500**




| | |
|---|---|
| Network | : GSM |
| Screen | : 4 inches |
| Camera | : 2 MP |
| Memory | : Card Slot |
| Bluetooth | : Yes |
| OS | : Java |
| Contact | : 09-31397877 |

## Pioneer 3G

**Price - 47,000**



| | |
|---|---|
| Network | : GSM |
| Screen | : 4 inches |
| Camera | : 4 MP |
| Memory | : 2GB |
| Bluetooth | : Yes |
| OS | : Android |
| Contact | : 09-31397877 |

## Gionee GN 205

**Price - 60,000**



| | |
|---|---|
| Network | : GSM |
| Screen | : 3.7 inches |
| Camera | : 5.0 MP |
| Memory | : 2GB |
| Bluetooth | : Yes |
| OS | : Android |
| Contact | : 09-31397877 |

## LG 606

**Price - 27,000**



| | |
|---|---|
| Network | : GSM |
| Screen | : 2.8 inches |
| Camera | : 3 MP |
| Memory | : Cardslot |
| Bluetooth | : Yes |
| OS | : Java |
| Contact | : 01- 657164 |

## DH 530

**Price - 25,000**



| | |
|---|---|
| Network | : GSM |
| Screen | : 2.5 inches |
| Camera | : VGA |
| Memory | : Card Slot |
| Bluetooth | : Yes |
| OS | : Java |
| Contact | : 01-657164 |

## LG F 88

**Price - 22,000**




| | |
|---|---|
| Network | : GSM |
| Screen | : 2.5 inches |
| Camera | : VGA |
| Memory | : Cardslot |
| Bluetooth | : Yes |
| OS | : Java |
| Contact | : 01-657164 |



# Modular
# မိုဘိုင်းဖုန်းခေတ်

နေခင်စိုး (ထားဝယ်)

Desktop ကွန်ပျူတာပျက်သွားပြီလား။ Branded ဆိုရင်တော့ နည်းနည်းစိတ်ပူပါ။ သူပြောတဲ့ အစိတ်အပိုင်းအသစ်လဲထည့်မှ အကောင်းဆုံးစွမ်းဆောင်ရည်ပြန်ရမယ်ဆိုသကိုး။ Clone ဆိုရင်တော့ စိတ်မပူနဲ့။ ဘာပျက်သလဲရှာပါ။ motherboard, harddisk, RAM, PSU ဘာပျက်ပျက်သောင်းဂဏန်းပဲကုန်မယ်။ အလယ်အလတ်အဆင့် Clone ဆိုရင်ပေါ့။ CPU တစ်ခုတည်း အမြင့်ပိုင်းဆို သိန်းဂဏန်းပေးရမှာ။ ဒါပေမယ့် သူက ပျက်ခဲပါတယ်။

Laptop ကွန်ပျူတာပျက်သွားပြီလား။ Harddisk လောက်ဆို စိတ်မပူနဲ့။ ကိုယ့်ဘာသာလုပ်တတ်ရင် အသစ်ဝယ်ပြီးလဲထည့်လို့ရတယ်။ RAM လဲတာလည်း လွယ်သေးတယ်။ Graphic onboard ပါတဲ့ motherboard ပျက်ရင်တော့ နည်းနည်းခံစားရမယ်။ Laptop မှာ Clone မရှိတော့ သက်ဆိုင်ရာ motherboard ကိုပဲ သက်ဆိုင်ရာ service center မှာ ဝယ်ထည့်ရမယ်။ Graphic သီးခြားပါပြီး Graphic အပိုင်းပဲပျက်တာဆိုရင် နည်းနည်းအသက်ရှုချောင်မယ်။ PSU လည်း ဒီတိုင်းပါပဲ။

မိုဘိုင်းဖုန်းပျက်ပြီလား။ screen လောက် button လောက်ဆိုရင် နီးစပ်ရာဝယ်ထည့်လို့ရနိုင်ပါတယ်။ စမတ်ဖုန်းထဲက SoC ပျက်ရင်တော့ ဒုက္ခများပြီ။ ရှယ်ဆိုင်မှာ ရှယ်စက်ကြီးနဲ့ ကူလီကူမာလုပ်ရပြီ။ IC ကျော်တာတွေ ဘာတွေလုပ်၊ အလားသဏ္ဍာန်တူတာတွေ ခဲဆော်ပြီးထည့်။ အား... ဘာရှုပ်သလဲ မမေးနဲ့။ ဒါတောင်ဘယ်လိုမှ ပြင်မရတော့တဲ့ ဖုန်းတွေက အများကြီး။ SoC ပျက်တာအသာထားပါဦး။ ဘာမှမပျက်ဘဲ ပိုပြီးအဆင့်မြင့်တဲ့ အစိတ်အပိုင်းတွေ ထပ်ထည့်ပြီး ကိုင်ချင်ရင်ကော။ လက်ရှိဟန်းဆက်ကို လျှော့ဈေးနဲ့ရောင်းရင်ရောင်း။ မရောင်းရင် အလကားပေးပစ်ပြီး ဟန်းဆက်အသစ်သာ ဝယ်ကိုင်ပေရော့။

အောင်မလေးဗျာ။ အပြောလွယ်လိုက်တာ။ ခပ်ညံ့ညံ့တရုတ်စမတ်ဖုန်းတစ်လုံးတောင် ခြောက်သောင်းကျော်လောက်ပေးရတာ။ screen နည်းနည်းကြီးတဲ့ အလယ်အလတ် တရုတ်ဖုန်းဆိုရင် တစ်သိန်းအောက်မဆင်းဘူး။ တခြား Branded တွေကို ထည့်ပြီး မပြောနဲ့ဦး။ Firmware အသစ်တင်တာတောင် အလကားရဖို့ လွယ်တာမှတ်လို့။ Firmware အသစ်တင်ရင် ကျပ်တစ်သောင်းငါးထောင်နဲ့ သက်သက်သာသာဆောင်ရွက်ပေးပါတယ်ဆိုတဲ့ အကောင်တွေတောင်ရှိသေး။ ဝရန်တီပေးပါတယ်ဆိုတဲ့ နေ့တွေပြောတဲ့ စကားနော်။ ၁၅၀၀တန် ဆင်းကတ်နဲ့ ဖုန်းပြောရတဲ့ မြန်မာတွေက သူဌေးတွေ မဟုတ်ဘူးဗျ။ ဟန်းဆက်ဝယ်ရင်တောင် ခလုတ်ဖုန်းထဲက ဈေးအပေါဆုံးရှာဝယ်ကြရတာ။

မပူနဲ့တော့ဗျို့။ မကြာခင် Modular ဖုန်းခေတ်ရောက်တော့မယ်။ အဲဒီဖုန်းက ဘာတွေထူးသတုန်း။ ထူးတာပေါ့ဗျာ။ ဖြုတ်လွယ်၊ တတ်လွယ် အစိတ်အပိုင်း Module တွေနဲ့ ပေါင်းစုပြီး တပ်ဆင်ထားတာမို့ modular ဖုန်းဟာအများနဲ့မတူတစ်မူထူးပါတယ်။ screen ကွဲသွားလား။ အဆင်သင့်ဝယ်လဲရုံပဲ။ ကင်မရာမကောင်းတော့ဘူးလား။ အသစ်ပြေးဝယ်ပြီး ထည့်လိုက်။ ဘက်ထရီရှာမဖြစ်နေသလား။ မပူနဲ့ အဆင်သင့်ရှိတယ်။ ကီးဘုတ်ကရှားသလား။ မပူနဲ့အခုလို အခုချက်ချင်းရမယ်။ စပီကာနဲ့ မိုက်ကရိုဖုန်းလည်း မကောင်းတော့ဘူး။ ဒါလေးများ.. Brand ရှုံးမရှုံးပါနဲ့ အားလုံးအဆင်ပြေပါတယ်။

Brand ကုမ္ပဏီတွေ ပြောသလို ဒါပျက်ရင် ဒါထည့်မှ ရမယ်ဆိုတဲ့ ခေတ်မရှိတော့ဘူး။ အစိတ်အပိုင်းလေးတွေကို ဆက်ပြီး ရုပ်ပုံဖော်ယူရတဲ့ Jigsaw Puzzle ဆိုတဲ့ ကစားနည်းကို မြင်ဖူးမယ်ထင်ပါတယ်။ ဒါနဲ့ခပ်ဆင်ဆင်ပဲ။ ဝက်အူလေးတစ်လုံးတောင် ကျကျနနမဖြုတ်တတ်ရင်ဖြင့် ခက်ကောင်းခက်မယ်။ မဟုတ်ရင်တော့ မိုဘိုင်းဖုန်း Hardware ပြင်ဖို့ စက်ဆရာ ရှာစရာမလိုဘူး။ ပျက်တဲ့ အစိတ်အပိုင်းကို ဝယ်ပြီး ကောက်စွပ်တာနဲ့ ကွတ်တီတော်တာကိုးဗျ။ ဘယ်အပိုင်းပျက်သလဲသိဖို့ပဲလိုတယ်။

modular မိုဘိုင်းဖုန်း။ တစ်နည်းပြောရရင် ဟန်းဆက်ထုတ်လုပ်ရေးရဲ့ နောက်ကွယ်မှာ ဘယ်သူရှိသလဲ။ Search Engine ဘီလူးကြီး Google ရှိတယ်။ သူ့အနေနဲ့ Android ဆိုတဲ့ Open Source OS ကို ထုတ်ပေးခဲ့တယ်။ အခုတစ်ခါ Open Source hardware model ကို ထုတ်ပေးပါဦးမယ်။ အဲဒီစီမံကိန်းကို Ara လို့ နာမည်ပေးထားပါတယ်။ (projectara.com) မှာ သိချင်တာတွေ ဝင်ကြည့်လို့ရပါတယ်။ Motorola ကို ဝယ်လိုက်တဲ့အချိန်မှာ Google က ဒီစိတ်ကူးကိုရခဲ့တာပါ။ အခုအချိန်မှာ Motorola က Lenovo လက်ထဲရောက်သွားပေမယ့် Project Ara ကို အကောင်အထည်ဖော်နေတဲ့ အဖွဲ့က သူ့လက်ထဲမှာ ကျန်ခဲ့ပါတယ်။ Dave Hakken ဆိုတဲ့ developer တစ်ယောက်ကလည်း phoneblocks ဆိုတဲ့ အလားတူစီမံကိန်းတစ်ခုကို အကောင်အထည်ဖော်နေပါတယ်။ (Phoneblocks.com) မှာ ဝင်ကြည့်နိုင်ပါတယ်။

> Modular ဟန်းဆက်အတွက် အစိတ်အပိုင်းတွေကို Google က ဒိုင်ခံထုတ်မှာလား။ မထုတ်ပါဘူး။ ကြားခံကုမ္ပဏီတွေက ထုတ်ပြီး ရောင်းနိုင်အောင်လမ်းဖွင့်ပေးမှာပါ။ Open-Source ဆိုတော့ Clone ကွန်ပျူတာတွေလိုပဲနေမှာပါ။

Google က modular ဟန်းဆက်လုပ်တယ်ဆိုပေမယ့် အစိတ်အပိုင်းအားလုံးကို တစ်ယောက်တည်း လုပ်တာတော့မဟုတ်ဘူးဗျ။ endoskeleton ခေါ်တဲ့ အောက်ခံအစိတ်အပိုင်းကိုပဲ လုပ်တာ။ တိုက်တွေဆိုရင် ဖောင်ဒေးရှင်းပေါ့။ သူရှိမှ ကျန်တဲ့အစိတ်အပိုင်းတွေ ဆက်တက်လို့ရမှာမဟုတ်လား။ endoskeleton ဟာ modular ဟန်းဆက်ရဲ့ အဓိကအစိတ်အပိုင်းပါ။ ကျန်တဲ့အစိတ်အပိုင်းတွေက သူ့ဆီမှာလာပြီး ကပ်ဆက်ရမှာ။ အလွယ်တကူဖြုတ်လို့ တပ်လို့ရတဲ့ အစိတ်အပိုင်းကို endoskeleton ရဲ့ slot ထဲထိုးထည့်လိုက်မယ်။ အစိတ်အပိုင်းအားလုံးစုံတဲ့အထိ သက်ဆိုင်ရာ slot တွေထဲ ထိုးထည့်သွားမှာ။ ထည့်မယ့်အစိတ်အပိုင်းတွေရဲ့ အရွယ်အစားကတော့ မတူနိုင်ပါဘူး။ ကိုယ်ပိုက်ဆံတတ်နိုင်ရင် တတ်နိုင်သလို အမြင့်တွေ ဝယ်ထည့်လို့ရပါတယ်။ လောလောဆယ်ပေါ်ချောင်ကောင်းတွေ ထည့်ထားပြီး နောင်ပိုင်ဆံတတ်နိုင်မှ အမြင့်တွေဝယ်ဆင်လို့လည်းရပါတယ်။

modular ဟန်းဆက်တွေရဲ့ ဈေးကွက်ကရော သေချာပါ့မလား။ သေချာတာပေါ့ဗျာ။ ယုံကြည်ချက်လည်းကြည့်။ ဖုန်းကိုင်တဲ့ လူစုစုပေါင်းရဲ့ ခြောက်ဆယ်ရာခိုင်နှုန်းလောက်က စမတ်ဖုန်းကိုင်တယ်။ ဒါပေမယ့် စမတ်ဖုန်းရဲ့ စွမ်းဆောင်ရည်အပြည့်သုံးသလားဆိုရင် မသုံးဘူး။ ဒါဖြင့် ပေးရတဲ့ ဈေးနဲ့ မတန်ဘူးပေါ့။ မှန်သပေါ့ဗျာ။ အဲဒီအတိုင်း ဆင်ပြီရောင်းလို့ အဲဒီဈေးနဲ့ ဝယ်သုံးကြရတာ။ တချို့အပိုင်းတွေက ကိုယ့်အတွက်လိုတာမှ မဟုတ်ဘဲ။ ဒီလိုလူစားတွေအတွက်ဆို modular ဟန်းဆက်တွေက သိပ်ပြီး အသုံးတည့်ဖို့ရှိပါတယ်။ တော်ရုံတန်ရုံလောက်အဖြစ်သဘော ဓာတ်ပုံရိုက်မယ့် လူအတွက် 13MP ရိုက်နိုင်တဲ့ ကင်မရာ အကောင်းစားက လိုမှာတဲ့လား။

နောက်ပြဿနာတစ်ခုကစမတ်ဖုန်းတွေမှာတစ်ခုခုပျက်ခဲ့သည်ရှိသော် အလွယ်တကူအစားဝယ်ထည့်ပြီး သုံးနိုင်ကြပါစေဆိုတဲ့ စိတ်ကောင်းစေတနာကောင်းထားတာမျိုးမရှိဘူး။ ပျက်ရင်ဟန်းဆက်အသစ်တစ်လုံး ဝယ်သုံးလိုက်လို့ လွယ်လွယ်ပေါ့ပေါ့ပဲပြောလေ့ရှိပါတယ်။ ကျွန်တော်တို့ဆီမှာ စမတ်ဖုန်းတွေဈေးမပေါ်သလို သူတို့ဆီမှာလည်း ဈေးမပေါ်ပါဘူး။ ဘာမဟုတ်တာလေးပျက်တာနဲ့ လဲလို့ပြုလို့မရ၊ အသစ်ကောက်ဝယ်ဆိုတာမျိုးကို လူတိုင်းဘယ်လုပ်နိုင်မှာတုန်း။

နောက်ပြီး မိုဘိုင်းဟန်းဆက်တွေက သွားရေယိုစရာတစ်နှစ်တစ်ခါ အသစ်ထွက်တယ်။ Feature အသစ်တွေထည့်ပြီး ဈေးကြီးကြီးနဲ့ ရောင်းတာ၊ တန်သလားဆို မတန်ဘူး။ ဒါပေသိ feature အသစ်တွေ လိုချင်တော့ ကြွေးတင်ခံပြီး ဝယ်ရပြန်တာပဲ။ ကိုယ်လိုချင်တာလေးကို ဟန်းဆက်အဟောင်းထဲမှာ ကွက်ပြီး လဲထည့်လို့မရဘဲကိုး။ modular ဟန်း ဆက်ပေါ်ပြီဆိုပါစို့ဗျာ။ နောက်မော်ဒယ်အသစ်က screen အရွယ်အစားတစ်ခုကိုပဲ မိတ်ဆွေကြိုက်တယ်ဆိုရင် screen အဟောင်းကို ဖြုတ် screen အရွယ်အစားမြင့်ကိုလဲရင်ပြီးတယ်။ ဟော.. ကိုယ်ကြိုက်တာလည်းရ၊ ကုန်ကျစရိတ်လည်း သက်သာ။ မကောင်းပေဘူးလားဗျာ။

Modular ဟန်းဆက်မှာ အစိတ်အပိုင်းတွေကို ဘယ်လိုနည်းနဲ့ အလွယ်တကူတွယ်ဆက်မလဲ။ electro-permanent magnet တွေသုံးပြီး ခိုင်ခိုင်မြဲမြဲတွယ်ဆက်မှာပါ။ မသုံးချင်တော့တဲ့ module တစ်ခုကို ဖြုတ်မယ်ဆိုပါစို့။ magnet တွေကို အရင်ဆုံး deactivate လုပ်ရမယ်။ ပြီးရင်ဖြုတ်ရမယ်။ အစိတ်အပိုင်းအသစ်လဲထည့်ပြီးပြီဆိုရင် magnet တွေကို activate ပြန်လုပ်ပေးရမယ်။ ဒါဆိုရင် အစိတ်အပိုင်းသစ်ဟာ ခိုင်ခိုင်မြဲမြဲပြန်ကပ်သွားမယ်။ သံလိုက်စနစ်သုံးတဲ့အတွက် modular ဟန်းဆက်မှာ connector မလိုဘူး။ ဒါကြောင့်ကျိုးပဲ့ပျက်စီးတာ မရှိသလောက်နည်းသွားစေပါတယ်။



Modular ဟန်းဆက်အတွက် အစိတ်အပိုင်းတွေကို Google က ဒိုင်ခံထုတ်မှာလား။ မထုတ်ပါဘူး။ ကြားခံကုမ္ပဏီတွေကထုတ်ပြီး ရောင်းနိုင်အောင်လမ်းဖွင့်ပေးမှာပါ။ Open-Source ဆိုတော့ Clone ကွန်ပျူတာတွေလိုပဲနေမှာပါ။ ကြိုက်တာကောက်စွပ်ပေါ့ဗျာ။ Brand သမားတွေကတော့ ပြောဦးမှာပါပဲ။ ကျွန်တော်တို့ စနစ်တကျ စမ်းသပ်ပြီး ဆင်ထားသလောက် မကောင်းဘူးဗျလို့။ ဒါပေမယ့် Brand သမားတွေလည်း အစိတ်အပိုင်းအားလုံးတစ်ဦးတည်းလုပ်တာမှတ်လို့။ ဒီလိုပဲ စုပေါင်းစပ်ပေါင်းဆင်ပြီး တံဆိပ်ကပ်ထားတဲ့ တရားဝင် Clone ပဲမဟုတ်လား။

Modular ဟန်းဆက်အတွက် အစိတ်အပိုင်းတွေထုတ်ပြီး ရောင်းဖို့ ကုမ္ပဏီကြီးကြီးတွေကိုရော သေးသေးတွေကိုပါ Google က စည်းရုံးနေပါတယ်။ အစိတ်အပိုင်းက တစ်ခုစီသီးခြားလာမှာဆိုတော့ စိတ်ကူးစိတ်သန်းနဲ့ ပစ္စည်းအရွယ်အစားက အဓိကပါပဲ။ ကုမ္ပဏီကြီးတာငယ်တာနဲ့မဆိုင်ပါဘူး။ ဒါကြောင့် ကုမ္ပဏီတွေအားလုံးမှာ တန်းတူပြိုင်ဆိုင်နိုင်တဲ့ အခွင့်အရေးရှိလာပါတယ်။ ပြိုင်ဆိုင်မှုလည်းကြီးပါလိမ့်မယ်။ အရွယ်အစားမြင့် ပစ္စည်းသစ်တွေထွက်တာလည်း ခါတိုင်းထက် ပိုမြန်ပါလိမ့်မယ်။ တစ်ခုတော့ရှိတယ်။ ဟန်းဆက်ကြီးကြီးကြိုက်တဲ့ လူရှိသလို သေးသေးကြိုက်တဲ့ လူလည်းရှိတော့ modular ဟန်းဆက်တွေဟာ အရွယ်အစားတစ်မျိုးတည်း နဲ့တော့လာမှာမဟုတ်ပါဘူး။ ကြီး၊ လတ်၊ ငယ်ဆိုပြီး အရွယ်အစား သုံးမျိုးလောက်တော့ ကွဲပြားပြီးထွက်လာမှာပါ။ ၂၀၁၅ ခုနှစ်ထဲမှာ modular ဟန်းဆက်တွေ ဈေးကွက်ထဲရောက်ဖို့ Google က ရည်မှန်းချက်ချပြီး လုပ်နေပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် ဦးစားပေးတာမို့ ကျွန်တော်တို့လို နိုင်ငံတွေမှာ အရင်ဆုံး တွေ့ရဖို့ရှိပါတယ်။



# TUTORIAL Android

# AMC Security - Antivirus

ထက်နိုင်

ခေတ်မီတိုးတက်လာတဲ့ လူနေမှုဘဝမှာမိုဘိုင်းဖုန်းဟာ လူသားတွေအတွက်မရှိမဖြစ်အသုံးအဆောင်ဖြစ်နေပါပြီ။ တန်ဖိုးနည်းမိုဘိုင်းဖုန်းကိုင်ဆောင်ရေး စီမံချက်တွေကြောင့်လည်း ငွေကြေးတတ်နိုင်သူလူတန်းစားတွေသာမကဘဲ ပုံမှန်ဝင်ငွေရှိတဲ့သူတွေတောင်မှ အရမ်းတန်ဖိုးမမြင့်ဘူးဆိုရင်တောင် တန်ဖိုးအသင့်အတင့်ရှိတဲ့ android စမတ်ဖုန်းတစ်လုံးကိုင်ဆောင်လာနိုင်ပါပြီ။ စမတ်ဖုန်းကိုင်ဆောင်တဲ့သူတို့ရဲ့ဖုန်းတွေထဲမှာ အမှတ်တရရိုက်ကူးထားတဲ့ ဓာတ်ပုံတွေနဲ့အတူ အခြားသောအရေးကြီးဖိုင်တွေကို သိမ်းဆည်းထားတတ်ပါတယ်။ ဒီလိုဖိုင်တွေလုံခြုံနေဖို့ဆိုတာကလည်း အရေးကြီးပါတယ်။ စမတ်ဖုန်းကိုင်ဆောင်သူတွေအတွက် နောက်တစ်ချက်သတိထားစရာရှိပြီး အရေးကြီးတဲ့လုပ်ဆောင်ချက်တစ်ခုကတော့ စမတ်ဖုန်းနဲ့ဝက်ဘ်ဆိုက်တွေဝင်ကြည့်တဲ့အခါမှာ ဝင်ရောက်လာနိုင်ခြေရှိတဲ့ Mobile virus, spyware တွေရဲ့အန္တရာယ်ပါပဲ၊ သင်မသိလိုက်တဲ့အချိန်မှာ ဖုန်းထဲကိုဗိုင်းရပ်စ်ဝင်ရောက်လာခဲ့ရင် ဖုန်းထဲမှာရှိတဲ့အချက်အလက်တွေဆုံးရှုံးနိုင်လို့ပါပဲ။ ဒီ apk လေးဟာဖုန်းထဲမှာရှိသည့် မလိုအပ်တဲ့ ဖိုင်တွေကိုရှင်းထုတ်ပေးမှာဖြစ်ပြီး လုပ်ဆောင်နိုင်စွမ်းကိုတိုးမြှင့်ပေးမှာဖြစ်တဲ့အပြင်၊ ဗိုင်းရပ်စ်တွေရဲ့အန္တရာယ်ကိုလည်း ဖြေရှင်းပေးမှာဖြစ်ပါတယ်။ ဘက်ထရီသက်တမ်းကိုလည်းတိုးမြှင့်ပေးအုံးမှာပါ။

AMC Security apk ကို Phone ရဲ့ Storage တစ်ခုခု ထဲကို ထည့်ပြီး တစ်ချက်နှိပ်လိုက်ပါမယ်။ ပြီးရင် install ကို ဆက်နှိပ်ပါ။




အနည်းငယ်ကြာတာနဲ့ application install လုပ်ပြီးကြောင်း box ပေါ်လာပါမယ်။ done ကိုနှိပ်ပါ။ ပြီးရင် all application ထဲက AMC Security icon ကိုရှာပြီး ဖွင့်လိုက်ပါ။




ပထမဆုံး app ပွင့်လာတဲ့အခါမှာတော့ ဖုန်းရဲ့လုပ်ဆောင်ချက်ကိုဘယ်လောက်တိုးမြှင့်ပေးမယ်ဆိုတာကိုတွေ့ရမှာဖြစ်ပြီး ထပ်မံဝင်ရောက်လိုက်မယ်ဆိုရင်တော့ သူ့ရဲ့လုပ်ဆောင်ချက်တွေဖြစ်တဲ့ antivirus,Task killer,app manager နဲ့အတူအခြားလုပ်ဆောင်ချက်တွေဆီကို ဝင်ရောက်နိုင်မယ့် နေရာကိုတွေ့မြင်ရမှာပါ။




Antivirus မှာတော့ ဖုန်းထဲမှာ virus ဝင်ရောက်နေမယ်ဆိုရင် အလွယ်တကူရှာဖွေရှင်းထုတ်ပေးမှာဖြစ်ပါတယ်။ Scan now ပေါ်မှာတစ်ချက်ဖိနှိပ်လိုက်ရုံပါပဲ။ virus တွေကို ရှင်းထုတ်တဲ့နေရာမှာ မိမိစိတ်ကြိုက်လုပ်ဆောင်ချက်တွေလည်းသတ်မှတ်ထားနိုင်ပါသေးတယ်။ Realtime protection က တော့အကောင်း ဆုံးပါပဲ။




Task Killer ကိုဝင်ရောက်လိုက်မယ်ဆိုရင်တော့ မိမိ kill ပြုလုပ်ချင်တဲ့ app ပေါ်မှာ select မှတ်ပေးလိုက်ရုံပါပဲ။ kill မပြုလုပ်ချင်ရင်တော့ deselect ပြုလုပ်ပေးလိုက်ပါ။ kill ပြုလုပ်လိုက်တာနဲ့ memory ပမာဏဘယ်လောက်ရတယ်ဆိုတာကို ပြပေးမှာပါ။




Privacy locker ကိုသုံးမယ်ဆိုရင်တော့အရင်ဆုံး password တစ်ခုပြုလုပ်ပေးရမှာဖြစ်ပါတယ်။ ဒါမှသာအခြားသူတွေဝင်ရောက်သုံးစွဲ တာကိုကာကွယ်နိုင်မှာဖြစ်ပါတယ်။ မိမိလုံခြုံစွာသိမ်းထားလိုတဲ့ folder ကို add ပြုလုပ်ထည့်သွင်းရမှာဖြစ်ပါတယ်။ album, video နဲ့ file ဆိုပြီး ခွဲခြားထားပါတယ်။




App manager မှာတော့ ဖုန်းထဲမှာရှိတဲ့ဖိုင်တွေကို မြင်တွေ့ရမှာဖြစ်ပါတယ်။ apk တွေကို uninstall ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ မိမိပြုလုပ်လိုတဲ့ app ပေါ်မှာအမှန်ခြစ်ပေးလိုက်ပြီးတော့ delete ကိုနှိပ်ပေးလိုက်ရုံနဲ့ရပါတယ်။ app နာမည်နဲ့လည်း ရှာဖွေနိုင်ပါတယ်။




Toolbox ရဲ့လုပ်ဆောင်ချက်ကတော့ အတော်လေးစုံတယ်လို့ဆိုနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် battery saver နဲ့ call/SMS blocker လိုလုပ်ဆောင်ချက်တွေအပြင် call logs, contacts တွေကို backup ပြုလုပ်ထားနိုင်မယ့် cloud backup စနစ်ကိုသုံးစွဲနိုင်လို့ပဲဖြစ်ပါတယ်။ ဒါကြောင့် ရုတ်တရက်ဖုန်းပျောက်သွားရင်တောင် အရေးကြီးဖုန်းနံပါတ်တွေကို ပြန်လည်ရယူနိုင်ပါလိမ့်မယ်။




Call/SMS blocker ကတော့ အတော်အသုံးဝင်ပါလိမ့်မယ်။ မိမိဘလော့လုပ်ချင်တဲ့ဖုန်းကို add phone number ကနေထည့်သွင်းလိုက်ရုံပါပဲ။ ဖုန်းနံပါတ်ထည့်သွင်းမယ်ဆိုရင် နေရာလေးနေရာပြသထားပြီး contact ထဲဝင်၍ မိမိ block ပြုလုပ်လိုတဲ့ဖုန်းနံပါတ်ကို အမှန်ခြစ်ထည့်လိုက်ရမှာပါ။




စမ်းသပ်အသုံးပြုချင်တယ်ဆိုရင်တော့ File size 9.0 MB ရှိပြီး Android OS Version 2.3 နဲ့ အထက်မှာ အဆင်ပြေစွာ အသုံးပြုနိုင်ပါတယ်။ http://goo.gl/PGYLyV မှာ ရယူနိုင်ပါတယ်။

# Smart မျက်မှန်များအတွက် အနာဂတ် app များ

စည်သူ (Giacomo)



အချက်အပြုတ်ဆိုင်ရာကနေစလို့ fitness ဆိုင်ရာတွေ၊ ခွဲစိတ်ဆရာဝန်တွေနဲ့ အင်ဂျင်နီယာတွေအတွက် smart မျက်မှန် app တွေထုတ်လုပ်ပေးနိုင်ဖို့ရာ ကျွမ်းကျင်သူတွေက လေ့လာနေကြပါတယ်။ wearable tech တွေနဲ့ ပတ်သက်ပြီး လွန်ခဲ့တဲ့ လအချို့အတွင်း သတင်းတွေ ပလူပျံနေအောင် ထွက်လာခဲ့သလို၊ အများအားဖြင့် ဒီသတင်းတွေဟာ လက်ကောက်ဝတ်မှာ ဝတ်ဆင်ရတဲ့ device တွေနဲ့ ဆက်နွယ်တဲ့ သတင်းအများစု ပါဝင်ခဲ့ပါတယ်။ ဒါပေမယ့် Google နဲ့ Sony တို့ရဲ့ smart မျက်မှန်တွေနဲ့ ပတ်သက်လို့ သတင်းတချို့လည်း ပါဝင်လာခဲ့ပါသေးတယ်။

Smart မျက်မှန်တွေဟာ အခုအချိန်အထိတော့ လူသုံးများတဲ့ ပစ္စည်းတစ်ခု မဟုတ်သေးပါဘူး။ လတ်တလောမှာ နာမည်အကြီးဆုံးကတော့ Google Glass ဖြစ်ပြီး US တစ်နိုင်ငံတည်းမှာပဲ အသုံးပြုနိုင်သလို၊ prototype တစ်ခုကို ဒေါ်လာ ၁၅၀၀နဲ့ ရောင်းချနေပါတယ်။ Sony အနေနဲ့ Sony Smart Eyeglass ကို ထုတ်လုပ်ပြီး smart မျက်မှန်ဈေးကွက်ကို ဝင်လာဖို့ ကြိုးစားနေပေမယ့် အခုမှ Prototype အဆင့်ပဲရှိပါသေးတယ်။ တခြား smart မျက်မှန်ထုတ်လုပ်မယ့် ကုမ္ပဏီတွေကတော့ ReconJet, Vuzix M100 နဲ့ GlassUp တို့ဖြစ်ပါတယ်။ ဒီ device တွေအားလုံးကို လတ်တလောစမ်းသပ်မှုတွေလုပ်ခဲ့ပြီး အားလုံးဟာ တိုးတက်မှုကိုယ်စီရှိကြပါတယ်။ ဒါကြောင့်မို့ မကြာခင်မှာကိုပဲ စီးပွားရေးနယ်ပယ်ရော၊ တစ်ကိုယ်ရေသုံးနယ်ပယ်မှာပါ ကျယ်ကျယ် ပျံ့ပျံ့အသုံးချလာကြတော့မှာပါ။ ဒီလိုဆိုရင် ကျွန်တော်တို့က ဒီ smart မျက်မှန်တွေကို ဘာတွေလုပ်ဖို့ အသုံးပြုမှာ ပါလဲ။ ကျွန်တော်တို့အနေနဲ့ smart မျက်မှန် app တွေကို လေ့လာနေတဲ့ app ဒီဇိုင်းအေဂျင်စီတွေက ကျွမ်းကျင်သူ သုံးယောက်ကို ဖိတ်ခေါ်ပြီး သူတို့ရဲ့ အမြင်တွေကို မေးကြည့်ခဲ့ပါတယ်။

**လူတိုင်းက Smart မျက်မှန်တွေကို သုံးနိုင်မှာလား။**

Matt Pollitt ဟာ ဒစ်ဂျစ်တယ်ဒီဇိုင်းအေဂျင်စီတစ်ခုဖြစ်တဲ့ 5K ရဲ့ ဒါရိုက်တာဖြစ်ပါတယ်။ ဒီကုမ္ပဏီဟာ အခုကိုပဲ smart မျက်မှန်တွေအတွက် app တွေ ရေးနေတာပါ။ သူတို့ကတော့ smart မျက်မှန်တွေဟာ smart နာရီတွေလိုပဲ ပေါ်ပြူလာဖြစ်လာပြီး game-changing လုပ်နိုင်မယ့် ပစ္စည်းတွေဖြစ်တယ်လို့ ယူဆနေပါတယ်။ "smart မျက်မှန်တွေဟာ လက်ရှိရှိပြီးသား device တွေကို ချုံ့ပစ်နိုင်စွမ်းရှိရုံတင်မကဘဲ၊ အသုံးပြုသူရဲ့ အဓိကပစ္စည်းတစ်ခုဖြစ်လာမှာပါ။ wearable device တွေနဲ့ ဆက်စပ် app တွေအတွက် ဈေးကွက်သစ်ကြီးတစ်ခုလုံးကို ဖွင့်လှစ်ပေးနိုင်စွမ်းရှိပါတယ်။ ကျွန်တော်တို့က ဒါကို အရမ်းစိတ်လှုပ်ရှားနေရတာပါ" လို့သူက ပြောပါတယ်။

လက်ရှိမှာတော့ smart မျက်မှန်တွေအတွက် အတားအဆီးက အသွင်အပြင်ပိုင်းမှာပါ။ ဒါပေမယ့် Pollitt ကတော့ အကောင်းမြင်နေပါတယ်။ "Mobile နည်းပညာအားလုံးလိုပေါ့ဗျာ။ သေးငယ်လာမယ်။ ပိုလို့ဝှက်လာမယ်။ ပိုလည်းရှုပ်ထွေးလာမယ်။ ဒီလိုနဲ့ ပေါ်ပြူလာလည်း ဖြစ်လာမယ်ပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် လက်ရှိအချိန်မှာ တွင်တွင်ကျယ်ကျယ် သုံးနိုင်ဖို့ဆိုတာက နည်းပညာဟာ ခင်ဗျားမျက်နှာပေါ်မှာ အမြဲတမ်းတွယ်ကပ်နေသော ပုံပေါက်နေတဲ့ ပြဿနာပဲ။ ပြောချင်တာက နည်းပညာအရ ဘယ်လောက်ကြီးကောင်းတယ်ပဲဆိုဆို၊ မျက်နှာပေါ်မှာ ၁၀နာရီ၊ ၁၆နာရီလောက် တပ်ထားလိုက်မယ်ဆိုရင် ကျွန်တော်တော့ စိတ်ထဲမှာကိုယ့်ကိုယ်ကို ငတုံးတစ်ကောင်လို့ မြင်လာတယ်" လို့ သူကပြောပါတယ်။ သူပြောတာမှန်တယ်ဆိုတာ ကျွန်တော်တို့လည်း လက်ခံထားပါတယ်။ "ဒီအသွင်သဏ္ဌာန်ပိုင်း အတားအဆီးကို ကျော်လွှားနိုင်မယ်ဆိုရင်၊ မျက်ကပ်မှန်လိုဟာမျိုးသုံးနိုင်မယ်၊ ဒါမှမဟုတ် HUD (head-up-display) ကိုပဲ ပုံဆိုးပန်းဆိုး မဟုတ်တဲ့ နည်းလမ်းနဲ့ အသုံးပြုနိုင်မယ်ဆိုရင် လူအများစုက ဒါကို အချိန်ပြည့် အသုံးပြုလာနိုင်မယ်လို့ ကျွန်တော်တို့ အမှန်တကယ်ကိုပဲ ယုံကြည်ထားတယ်" လို့ Matt ကဆိုပါတယ်။

နောက်ကျွမ်းကျင်သူတစ်ယောက်ဖြစ်တဲ့ Richard Goodrum ကတော့ GoogleGlass အတွက် fitness app ကိုဒီဇိုင်းဆွဲပေးနေတဲ့ Race Yourself ကုမ္ပဏီရဲ့ COO တစ်ယောက်ပါ။ သူကတော့ ရေရှည်မှာ smart မျက်မှန်တွေ အောင်မြင်လာမယ်လို့ ယူဆနေပါတယ်။ "Smart နာရီတွေဟာ အခုလောလောဆယ်မှာ နေရာကောင်းရနေပါတယ်။ ဒါပေမယ့် နည်းပညာကုမ္ပဏီတွေက smart မျက်မှန်တွေကို အသုံးချပြီး ထုတ်လုပ်နိုင်ဖို့ လုံးပန်းနေကြတယ်။ ကျွန်တော့်အထင်တော့ ဒီနည်းပညာ အောင်မြင်ဖို့က အချိန်တစ်ခု စောင့်လိုက်ရုံပါပဲ" လို့ သူကဆိုပါတယ်။

နောက်ထပ်ကျွမ်းကျင်သူတစ်ယောက်ဖြစ်တဲ့ Fjord service ဒီဇိုင်းကုမ္ပဏီရဲ့ နည်းပညာဒါရိုက်တာဖြစ်တဲ့ James Deakin ကတော့ "အစပိုင်းမှာ ဈေးကွက်ထဲ ရောက်လာမယ်။ ခွဲစိတ်ခန်းတွေ၊ အင်ဂျင်နီယာပိုင်းတွေမှာ အသုံးချမယ်၊ နောက်တဖြည်းဖြည်းနဲ့ လူသုံးများလာမယ်။ smart မျက်မှန်တွေအတွက် အချိန်ယူရမှာပါ။ လက်ရှိ အသွင်အပြင်ပိုင်း ပြဿနာ၊ လူမှုရေးပိုင်းက အခက်အခဲတွေ ကျော်လွှားနိုင် မယ်ဆိုရင် လူအများအသုံးပြုနိုင်တဲ့ အဆင့်အထိရောက်လာပါလိမ့်မယ်။ လက်ရှိအချိန်မှာတော့ smart မျက်မှန်တွေဟာ ဖုန်းအတွက် notification ပုံစံအနေနဲ့ သုံးတယ်ဆိုတာထက် နည်းနည်းလေးပဲ သာပါတယ်။ ဒါပေမယ့် တစ်ချိန်မှာတော့ စီးပွားရေးလုပ်ငန်းကြီးတွေအတွက်ပဲဖြစ်ဖြစ်၊ အိမ်သုံးအတွက်ပဲဖြစ်ဖြစ် ဒီနည်းပညာကို အသုံးချလာနိုင်မှာပါ။ လူတွေကို နည်းပညာရဲ့ အကျိုးရလဒ်တွေ နားလည်လာအောင်လုပ်ဖို့ကတော့ ခက်ခဲပြီး အချိန်ယူရ ပါမယ်" လို့ Deakin က ရှင်းပြပါတယ်။



**Smart မျက်မှန်တွေမှာ ဘယ်လို app မျိုးတွေသုံးမှာလဲ။**

တကယ်လို့ Smart မျက်မှန်တွေပေါ်လာပြီဆိုပါတော့၊ ဘယ်လို app မျိုးတွေ အသုံးပြုနိုင်မှာပါလဲ။ hardware ဘယ်လောက်ကောင်းတယ်ဆိုဆို အသုံးဝင်တဲ့ software တွေမရှိရင်လည်း အသုံးတည့်မှာမဟုတ်ပါဘူး။ Smart မျက်မှန်တွေမှာ အသုံးပြုနိုင်မယ့် app အမျိုးအစားအများအပြားရှိပါတယ်။ မြေပုံ၊ ဂိမ်း၊ ဓာတ်ပုံကနေစလို့ fitness, home automation နဲ့ အချက်အပြုတ် app တွေရှိနေပါပြီ။

"Smart မျက်မှန်တွေနဲ့ app တွေကို ကြည့်ရတာ စိတ်လှုပ်ရှားရပါ" လို့ Pollitt ကပြောရင်း smart မျက်မှန်တွေရဲ့ ကွဲပြားတဲ့ အလုပ်လုပ်ပုံကို လိုက်ပြီး မတူညီတဲ့ app တွေကို ထုတ်နိုင်ဖို့လိုအပ်တယ်လို့ဆိုပါတယ်။ "နည်းပညာသစ်တွေက လူတွေကို ဘယ်လိုတုန့်ပြန်ရမယ်ဆိုတာနဲ့ ပတ်သက်လို့ နည်းလမ်းသစ်တွေ စဉ်းစားစေပါတယ်။ ဒါက စိတ်ဝင်စားစရာ သိပ်ကောင်းပါတယ်။ ဒီစိန်ခေါ်မှု သစ်တွေကို ရင်ဆိုင်ရင်း ကျွန်တော်တို့ရဲ့ နယ်ပယ်ကို ဖြစ်နိုင်သမျှ တိုးချဲ့ယူသွားရမှာပါ။ မျက်မှန်တွေနဲ့ HUD တွေဟာ ဒစ်ဂျစ်တယ်ဆိုင်ရာ အတွေ့အကြုံသစ်တွေကို ဖော်ဆောင်နိုင်ဖို့အတွက် အရေးပါတဲ့ နယ်ပယ်အသစ်နဲ့ အတွေးအခေါ်သစ်တွေကို ဖန်တီးပေးမယ့် ပလက်ဖောင်းတစ်ခုဖြစ်လာမှာပါ။"

Goodrum ကတော့ အသုံးပြုသူတွေအနေနဲ့ တကယ်အသုံးဝင်မယ့် app မျိုးကို ထုတ်လုပ်ပေးနိုင်ဖို့ လိုတယ်လို့ဆိုပါတယ်။ "ဥပမာအားဖြင့် ကျွန်တော်က Google Glass ကို သုံးနေတယ်ဆိုပါတော့၊ ယာဉ်ကြောရွှေးပေးတဲ့ app နဲ့ အချက်အပြုတ် app တွေကို ကြိုက်တယ်။ ဒီလို app တွေကို hands-free နဲ့ သုံးရတာ တကယ့်ကို အသုံးတည့်ပါတယ်။ ဖုန်းကိုလှမ်းလည်းကြည့်နေစရာမလိုတော့ဘူးလေ" လို့သူကပြောပါတယ်။ ဘယ်လို app မျိုးတွေဟာ ပေါက်ကောင်ဖြစ်လာပြီး ဘယ် app တွေက မြောင်းထဲရောက်သွားမယ်ဆိုတာကတော့ ပြောဖို့စောပါသေးတယ်။

Deakin ကတော့ "smart မျက်မှန်တွေဟာ လူတိုင်းအတွက်တော့ ဟုတ်ချင်မှဟုတ်မှာပါ။ သူတို့ကို လူတွေက ဘယ်လိုအသုံးချမယ်၊ အသုံးပြုသူတွေက ဘယ်လို smart မျက်မှန်မျိုးတွေကို လိုချင်မယ်ဆိုတာတွေကို မှန်းဆဖို့ ခက်နေတုန်းပါပဲ" လို့ပြောပါတယ်၊ Goodrum ကတော့ "အခုအချိန်မှာ fitness ပိုင်းမှာတော့ တော်တော်ဟုတ်နေပြီ" လို့ဆိုပါတယ်။ "အပျော်တမ်းအားကစားသမားတွေရော၊ ပရိုတွေပါ ဒီ fitness app တွေကို သဘောကျကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ပိုင်းမှာ ဒါက ပျင်းစရာကောင်းသွားနိုင်တယ်။ တကယ်တမ်းမှာ visual real-time feedback တွေပေးနိုင်မယ့်ဟာမျိုးကို ပြောင်းလဲဖန်တီးယူရမှာပါ" လို့ သူကဆိုပါတယ်။

"ဖြစ်နိုင်ချေတွေက အများကြီးပါ။ လုံးလုံးလျားလျား hands-free အတွေ့အကြုံမျိုးကို ကျွန်တော်တို့ လေ့လာယူရပါဦးမယ်။ Voice activation လို နည်းပညာမျိုးတွေကို သုံးပြီး လက်တွေ့နဲ့ virtul ကမ္ဘာနှစ်ခုကို အဖုအထစ်မရှိ ချိတ်ဆက်နိုင်မယ်ဆိုရင် ဖြစ်နိုင်ချေတွေအများ ကြီးပေါ်ထွက်လာမှာပါ" လို့ Pollitt ကပြောခဲ့ပြီး Goodrum ကတော့ "ကျွန်တော်တို့ဟာ ဒစ်ဂျစ်တယ် fitness ပလက်ဖောင်းတစ်ခုကို mobile အတွက်ရော၊ wearables တွေအတွက်ပါ ထုတ်လုပ်သွားမှာပါ။ ကျွန်တော်တို့ အခုလုပ်နေတဲ့ Race Yourself ဟာဆိုရင် သူငယ်ချင်းတွေ၊ နာမည်ကျော်တွေ၊ ယုတ်စွအဆုံး Zombies တွေနဲ့ပါ ယှဉ်ပြိုင်ပြီး ပြေးနိုင်အောင် လုပ်ပေးထားတယ်။ ဒါကြောင့် ဒီမျက်မှန်ဟာ အပြေးသမားတွေ အဖို့ အားကစားလုပ်ရင်း ပျော်မြူးမှုပါရနိုင်မယ့် အနေအထားမျိုးကို ဖန်တီးပေးနိုင်ပါတယ်" လို့ ပြောခဲ့ပါတယ်။

Pollitt ရဲ့ app ဖြစ်တဲ့ VELA ဟာဆိုရင် ရွက်လှေသမားတွေအတွက် ထုတ်လုပ်ထားတာပါ။ "ဒါက သင့် tablet နဲ့ Recon Jet မျက်မှန်တို့ အကြား အဆင်ပြေအောင် လုပ်ပေးပါတယ်။ ကိုယ့်ရဲ့ sailling activities တွေကို plan လုပ်တာ၊ share လုပ်တာ၊ sync လုပ်တာတွေ လုပ်နိုင်စေမယ့်အပြင် live information တွေကိုလည်း ပေးနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ Recon Jet မျက်မှန်ကို ရွေးချယ်ရတာက ဒီမျက်မှန်ဟာ အားကစားလုပ်ငန်းတွေနဲ့ သင့်တော်လို့ပါ။ ဒီမျက်မှန်ကို သူနဲ့သက်ဆိုင်တဲ့ အလုပ်အတွက်ပဲ ပြင်ဆင်ထားတာမို့ နေ့စဉ်လူမှုရေးဆိုင်ရာ ပြဿနာတွေနဲ့ ကြုံရတဲ့အဖြစ်မျိုးကို ရှောင်ရှားနိုင်ပါတယ်။ ရေစိုခံတဲ့ Sony Xperia tablet နဲ့ တွဲဖက်ပေးထားတာမို့ အကောင်းဆုံးအလုပ်လုပ်နိုင်မှာပါ။ ဒါပေမယ့် smart မျက်မှန်တွေအတွက် ဓာတ်လမ်းတစ်ခုလုံးမဟုတ်သေးပါဘူး။ VELA မှာ လှေသမားတွေကို သူတို့လှေစီးနေတုန်း ဓာတ်ပုံတွေရိုက်နိုင်အောင် ရာသီဥတုအခြေအနေ၊ ရေစီးကြောင်းတွေကို သိနိုင်အောင် စီစဉ်ပေးထားပြီး ဒါတွေအကုန်လုံးကို ရွက်လွှင့်နေတုန်း hands free အနေနဲ့ သုံးနိုင်အောင် လုပ်ပေးထားပါတယ်" လို့ Pollitt ကပြောပါတယ်။

Smart မျက်မှန်တွေအဖို့ အခက်အခဲတွေကတော့ ရှိနေဆဲပါ။ app တွေကိုဖန်တီးထုတ်လုပ်နေပေမယ့်၊ wearable နည်းပညာမှာ စိန်ခေါ်မှုတွေကရှိနေဆဲပါပဲ။ "သိသာတဲ့အချက်က ဘက်ထရီပါ။ Google Glass ဆိုရင် သေချာသုံးမယ်ဆိုရင်တောင် တစ်ရက်လောက်ပဲ ခံတယ်။ လက်တွေ့မှာ ဘက်ထရီက ဒီထက်အကုန်မြန်မှာပါပဲ" လို့ Goodrum ကပြောပါတယ်။ Pollitt အနေနဲ့ကတော့ အကြီးမားဆုံးစိန်ခေါ်မှုဟာ လူတွေက ဒီ smart မျက်မှန်တွေကို ဘယ်လိုသုံးမလဲဆိုတာပဲလို့ ထင်ပါတယ်တဲ့။ "Google ဟာ အသံနဲ့အမိန့်ပေးတဲ့စနစ်ကို သုံးထားပေမယ့်၊ လက်တွေ့မှာ အဆင်မပြေတာတွေ အများကြီးပါ။ အထူးသဖြင့်တော့ တစ်ခါတလေမှာ ကိုယ့်အပြုအမူက ရိုင်းစိုင်းနေသလိုဖြစ်နေနိုင်ပါတယ်။ ဒီနည်းပညာတစ်ခုလုံးကို ချုံ့မိတဲ့ ယဉ်ကျေးမှုအား လက်သင့်ခံမှုမျိုးမရှိသေးပါဘူး။ ရထားပေါ်မှာ ကိုယ့်ကိုယ်ကို ပြန်ကြိမ်းမောင်းနေပြီး ခေါင်းကို တတောက်တောက်ခေါက်နေတဲ့လူနဲ့ ဘယ်သူကမှ အတူထိုင်ချင်မှာမဟုတ်ပါဘူး။ ကျွန်တော်တို့တစ်တွက်ဟာ mic ပါတဲ့ headphone တွေနဲ့ဖုန်းပြောနေတဲ့သူတွေကို မျက်စိအသားကျဖို့ အချိန်အများကြီးပေးခဲ့ရပါတယ်။ အခု မျက်မှန်နဲ့စကားပြောနေတဲ့သူတွေကို မျက်စိယဉ်သွားဖို့ဆိုတာဟာ အဲဒီထက်ပိုအချိန်ယူမှာပါ။ "ကျွန်တော့်အမြင်ကတော့ တခြား control method တွေကို ဖန်တီးဖို့လိုပါမယ်။ အသုံးပြုရလွယ်မယ့် လက်ကောက်ဝတ်နဲ့ လက်ဖဝါးပေါ်ကနေ ထိန်းချုပ်လို့ရမယ့်ဟာမျိုးပါ" လို့ Pollitt ကဆိုခဲ့ပါတယ်။

# INTERVIEW

## Rebbiz Company



# Myanmar Car DB.com နှင့် အခြားဝက်ဘ်ဆိုက်နှစ်ခုအားတည်ထောင်ခဲ့သူနှင့်တွေ့ဆုံခြင်း

ဇေနဦး လွင် မေးမြန်းသည်

၁၉၉၈နောက်ပိုင်းမှာ မြန်မာနိုင်ငံဟာ ဤုပ်တုဆက်သွယ်ရေးကို စတင်ခဲ့တာဖြစ်ပြီး ၂၀၁၂ခုနှစ်နောက်ပိုင်းမှာတော့ အင်တာနက်ဆိုတာကို လူတော်တော်များများသိရှိလာခဲ့ကြပါတယ်။ ယခုခေတ်အင်တာနက်ဆိုတာ လူငယ်တွေကြားမှာတော့ သာမန်မိတ်ဆွေတစ်ဦးသာဖြစ်ပြီး လူလတ်ပိုင်းတွေအတွက်ကတော့ သိလိုသမျှကို ရှာဖွေနိုင်တဲ့ စွယ်စုံအဘိဓာန်ကြီး တစ်ခုဖြစ်နေပါပြီ။ ဒါ့အပြင် လူကြီးပိုင်းတွေဆိုရင်လည်း ယခင်ကလို အိမ်ထဲကနေ အိမ်အပြင်ထွက်နေစရာမလိုတော့ဘဲ ဒီအင်တာနက်က တစ်ဆင့် နေ့စဉ်ထူးခြားဖြစ်စဉ်တွေကို သိရှိနေကြပြီဖြစ်ပါတယ်။ ယခုကဲ့သို့ အင်တာနက်သုံးစွဲမှုတိုးတက်လာခြင်းဟာလည်း သတင်းစာတွေ၊ ဂျာနယ်တွေအတွက်တော့ စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါတယ်။ သို့သော် ဘယ်သို့ပဲ အင်တာနက်ကို သုံးစွဲမှုပိုနေပါစေ၊ သတင်းစာတွေ၊ ဂျာနယ်တွေရဲ့ လုပ်ဆောင်ချက်ကလည်း တစ်ဆထက်တစ်ဆတိုးတက်ကောင်းမွန်နေမှာပဲဖြစ်ပါတယ်။ တိုးတက်မှုတိုင်းရဲ့ နောက်ကွယ်မှာလည်း ကောင်းကျိုးရှိသလို ဆိုးကျိုးတွေရှိနေတယ်ဆိုတာကိုလည်း မြန်မာမှန်ရင်သိကြပါလိမ့်မယ်။ ဒီတော့ အင်တာနက်သုံးစွဲမှုအပေါ် အခြေပြုပြီးလုပ်ငန်းရှင်တချို့ကလည်း ၎င်းတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေကို Online ကတစ်ဆင့် ကြော်ငြာခြင်း၊ ရောင်းခြင်း၊ ဝယ်ခြင်းတွေလည်း ပြုလုပ်လာကြသလို၊ အခြားတစ်ဖက်တွင်လည်း ဆိုက်ဘာတိုက်ခိုက်ခံရမှုတွေကရှိနေပါတယ်။ ဒီအခါ သုံးစွဲသူတွေအနေနဲ့ အင်တာနက်သုံးစွဲရတဲ့နေရာမှာ အားကိုးမှုတစ်ခုနှင့်အတူ ကြောက်ရွံ့မှုလေးတွေလည်းရှိလာပါတယ်။ တိုးတက်မှုအပေါ် အခြေပြုရင်း စီးပွားရှာနေသူတွေရှိသလို၊ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်နေကြသူတွေလည်းရှိကြပါတယ်။ ဒီလိုဖြစ်စဉ်တွေထဲကမှ ကိုယ်ကျိုးစွန့်ပြီး ပြည်သူလူထုအတွက် အကျိုးအမြတ်ရစေလိုတဲ့ ဆန္ဒနဲ့ပါလို့ဆိုလာတဲ့ Myanmar Car DB.com နှင့်အခြားဝက်ဘ်ဆိုက်နှစ်ခုကို တည်ထောင်ခဲ့သူ Rebbiz ကုမ္ပဏီမှ CEO ကိုဝေယံလင်းနှင့် Mobile Guide ဂျာနယ်တို့တွေ့ဆုံခဲ့သည်များကို ယခုလိုပဲ ပြန်လည်ဖော်ပြလိုက်ပါတယ်။

**မေး– မင်္ဂလာပါ ကိုဝေယံလင်း။ Myanmar Car DB.com နဲ့ အခြားဝက်ဘ်ဆိုက်နှစ်ခုကို တည်ထောင်ထားတဲ့ Rebbiz ကုမ္ပဏီရဲ့ အကြောင်းလေးပြောပြပေးပါဦး။**

**ဖြေ–** ဟုတ်ကဲ့ မင်္ဂလာပါညီရေ။ အစ်ကိုတို့ရဲ့ Rebbiz ကုမ္ပဏီကို ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ ၄ရက်နေ့မှာ စတင်ပြီး မြန်မာနိုင်ငံရဲ့ တရားဝင်ဝက်ဘ်ဆိုက်အဖြစ် ကြေညာပြီး လွှင့်တင်ခဲ့ပါတယ်။ စတင်လွှင့်တင်ခဲ့စဉ်က လုပ်ငန်းလည်ပတ်ဖို့ ဝန်ထမ်း ၃ဦးလောက်ပဲရှိခဲ့ပါတယ်။ အခုတော့ ဝန်ထမ်း၁၀ဦးတည်းနဲ့ပဲ လည်ပတ်ဆောင်ရွက်နေပါပြီ။ တည်ထောင်ရတဲ့ ရည်ရွယ်ချက်ကတော့ ရောင်းသူ၊ ဝယ်သူတွေကို အချိန်ကုန် လူပင်ပန်းသက်သာစေချင်တာရယ်၊ မိမိတို့လိုချင်နေတဲ့ပစ္စည်းတစ်ခုကို အဲဒီနေရာထိ သွားနေစရာမလိုဘဲ ဒီ Online ပေါ်ကပဲ လေ့လာနိုင်တယ်ဆိုတာကို သိစေချင်တာရယ်၊ ပြီးတော့ အလိုရှိတဲ့ ပစ္စည်းက မိမိမှန်းထားတဲ့ ဈေးနှုန်းနဲ့ မကိုက်ညီသေးတဲ့အခါ ကြိုတင်ပြင်ဆင်မှုလေးတွေလုပ်နိုင်ရန်အတွက် ဆိုတဲ့ ရည်ရွယ်ချက်လေးနဲ့ တည်ထောင်ဖြစ်ခဲ့တာပါ။

**မေး– ဝက်ဘ်ဆိုက်တည်ထောင်ဖြစ်ခဲ့ပုံလေးနဲ့ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲလေးတွေကိုလည်း ပြောပေးပါဦး။**

**ဖြေ–** Local မှာကလည်း IT နဲ့ပတ်သက်တဲ့ လုပ်ငန်းတွေကနည်းနေသေးတယ်။ အဲဒီတော့ မြန်မာပြည်ရဲ့ IT လုပ်ငန်းကိုလည်း တိုးတက်စေချင်တယ်။ ပြည်သူတွေကိုလည်း အင်တာနက်သုံးတာ၊ IT သုံးတာဟာ အကျိုးအများကြီးရှိတဲ့ လုပ်ငန်းတွေလုပ်လို့ရတယ်ဆိုတာသိစေချင်တယ်။ အဲဒါကြောင့်ဒီလုပ်ငန်းကို စပြီးလုပ်ခဲ့တာပါ။ အခက်အခဲတွေကတော့ အများကြီးရှိခဲ့တယ်။ ကျွန်တော်တို့စတဲ့အချိန်က ပထမဆုံးဆိုတော့ ဈေးကွက်ကိုလည်း ကိုယ်တာသာကိုယ်လုပ်ယူရတယ်။ ဈေးကွက်မရှိသေးတဲ့အထဲမှာမှဈေးကွက်ကို ရှာရတာပေ့ါ။ အသစ်အဆန်းဖြစ်တဲ့အခါကျတော့လည်း ဝယ်သူဘက်ကရော၊ ရောင်းသူဘက်ကပါ ဒီ Online မှာ ကြော်ငြာတင်ပြီးတော့ အရောင်းအဝယ်လုပ်လို့ရတယ်ဆိုတာကို နားလည်လာအောင် ပညာပေးရတာတွေလည်း ရှိပါတယ်။

**မေး– ဒီ websit ကို သုံးစွဲစေဖို့ အသိပေးတဲ့အခါမှာရော တွေ့ကြုံခဲ့ရတဲ့ အခက်အခဲတွေရှိပါသလား။ ရှိရင်ပြောပြပေးပါ။**

**ဖြေ–** စပြီး launch လုပ်တဲ့အချိန်က ဒီကားတွေကို လိုက်ပြီးတော့ စုရတာပေ့ါ။ ရောင်းမယ့်ကားတွေကို လိုက်ပြီးစုရတယ်။ အသိမိတ်ဆွေတွေကို ဖုန်းဆက်ပြီးရောင်းမယ့် ကားရှိရင် ဒီမှာလာပြီးတော့ ကြော်ငြာပေးပါပေ့ါ။ တချို့ကလည်း သုံးချင်ကြတယ်။ ဒါပေမယ့် အင်တာနက်ကို မသုံးဖူးဘူး။ မသုံးဘူးတဲ့အခါကျတော့ သူတို့ရဲ့ ဖြစ်စေချင်တဲ့ဆန္ဒတွေကို ကိုယ့်ဘာသာကိုယ်ပဲ လုပ်ပေးလိုက်ရတယ်။ တချို့ကျတော့လည်း ကားအရောင်းအဝယ်လုပ်နေတာရှိတယ်။ ဒါပေမယ့် သူတို့မှာ E-mail Address မရှိတာတို့၊ Account မရှိတာတို့ဆိုတော့ ဒီအင်တာနက်ဝက်ဘ်ဆိုက်ကို မသုံးတတ်ကြဘူးပေ့ါ။ အဲဒီလိုအခက်အခဲတွေလည်း အများကြီးကြုံခဲ့ရပါတယ်။

**မေး– ၂၀၁၂ ခုနှစ်ရဲ့ အင်တာနက်မြန်နှုန်းဟာ အရမ်းနှေးကွေးနေတဲ့ အချိန်ကာလတစ်ခုဖြစ်ခဲ့ပြီး အဲဒီလို အချိန်မှာမှ ဒီလိုဝက်ဘ်ဆိုက်လုပ်ငန်းကို စတင်ခဲ့တာဆိုတော့ အင်တာနက်နဲ့ ပတ်သက်ပြီး အခက်အခဲကိုလည်း သိချင်ပါတယ်။**

**ဖြေ–** အင်တာနက်နဲ့ ပတ်သက်ပြီး အခက်အခဲတွေကရှိခဲ့တယ်။ ဒါပေမယ့် ကျွန်တော်တို့က ရေရှည်ကို ရည်မှန်းပြီးလုပ်ခဲ့တာဆိုတော့ အဲဒီအချိန်က အင်တာနက်ကလည်း နှေးသေးတယ်။ အခုလောက်လည်း မမြန်သေးဘူးဗျ။ သုံးတဲ့သူကလည်း အခုလောက်မများသေးဘူး။ ဒါပေမယ့်လည်း ကျွန်တော်တို့က အနာဂတ်မှာကောင်းလာနိုင်ချေရှိတယ်လို့ တွက်ဆပြီးတော့ လုပ်ဖြစ်ခဲ့တာပါ။

**မေး– ဒီလိုဝက်ဘ်ဆိုက်ကို တည်ထောင်လိုက်တော့ အကျိုးအမြတ်က ဘယ်လိုတွေရှိခဲ့ပါသလဲ။**

**ဖြေ–** အကျိုးအမြတ်က စလုပ်ကတည်းက အိတ်ဆိုပြီးပဲ လုပ်ခဲ့ရတာ။ လူတွေကို အင်တာနက်သုံးစေချင်တဲ့ ဆန္ဒပဲရှိခဲ့တယ်။ ငွေရေးကြေးရေးအကျိုးအမြတ်ဘာမှတော့မရှိခဲ့ပါဘူး။ ဒါပေမယ့် တခြားအကျိုးအမြတ်တွေကတော့ရှိခဲ့တာပေ့ါ။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်တွေ ပြည့်ဝခဲ့တယ်။ ကားရောင်းသူ၊ ဝယ်သူတွေလည်း လွယ်ကူစွာနဲ့ ဝယ်နိုင်၊ ရောင်းနိုင်ခဲ့တယ်။ အချိန်ကုန်၊ လူပင်ပန်းသက်သာစေခဲ့တယ်။ ဒါလေးတွေတော့ အကျိုးအမြတ်အဖြစ်ရရှိခဲ့ပါတယ်။

**မေး– ဒီဝက်ဘ်ဆိုက်ကို မြန်မာနိုင်ငံမှာ စတင်တည်ထောင်ခဲ့တာဆိုတော့ အကြံဉာဏ်ဘယ်လိုရခဲ့သလဲ။ အချိန်ကော ဘယ်လောက်ယူခဲ့ရပါသလဲ။**

**ဖြေ–** အကြံဉာဏ်ကိုတော့ ကျွန်တော်ကပဲရခဲ့တာပါ။ ဒါနဲ့ပဲကျွန်တော်ရဲ့မိတ်ဆွေနှစ်ဦးအပါအဝင် ကျွန်တော်တို့ သုံးယောက်ပေါင်းပြီး ဒီဝက်ဘ်ဆိုက်ရေးဆွဲခဲ့ကြတယ်။ စလုပ်ကတည်းက မြန်မြန်ဆန်ဆန်ပြီးရမယ်လို့ သံန္နိဋ္ဌာန်ချခဲ့တာဖြစ်လို့ အချိန်ကတော့ တစ်လကျော်နှစ်လအတွင်းလောက်ပဲ ယူခဲ့ရပါတယ်။

**မေး– အခုဆိုရင် ဝက်ဘ်ဆိုက်တိုက်ခိုက်ခံနေရတဲ့ အပေါ်မှာရော ဘယ်လိုသုံးသပ်မှုပေးချင်ပါသလဲ။**

**ဖြေ–** အဲလိုမျိုးတွေပြုလုပ်တယ်ဆိုတာ တကယ်တော့ ကျင့်ဝတ်နဲ့ မညီပါဘူး။ ဝက်ဘ်ဆိုက်ကုမ္ပဏီတစ်ခုနဲ့ တစ်ခုယှဉ်ပြိုင်တဲ့အခါမှာလည်း တရားသောနည်းနဲ့ပဲ ယှဉ်ပြိုင်သင့်ပါတယ်။ ဒီလိုကျင့်ဝတ်နဲ့မညီတဲ့ လုပ်ရပ်ဟာ မြန်မာနိုင်ငံလို တိုးတက်စနည်းပညာနယ်ပယ်အတွက် အဟန့်အတားတစ်ခုဖြစ်စေတဲ့အပြင် နည်းပညာနှင့် Online Web Service များ၏ အသုံးဝင်မှု၊ အရေးပါအရာရောက်မှုတွေကို စတင်သိရှိလာတဲ့မြန်မာနိုင်ငံသားတွေ အတွက်တော့ အဆိုးအတောက်တစ်ခုအဖြစ် ရှုမြင်ပါတယ်။

**မေး– Rebbiz ကုမ္ပဏီက တည်ထောင်ထားတဲ့ Myanmar Car DB.com အပြင် အခြားဝက်ဘ်ဆိုက်နှစ်ခုက ဘာတွေများလဲခင်ဗျာ။**

**ဖြေ–** ဟုတ်ကဲ့၊ ကျွန်တော်တို့ဆီမှာ Myanmar Car DB.com အပြင် အခြားဝက်ဘ်ဆိုက်နှစ်ခုဖြစ်တဲ့ www.myanmarjobsdb.com နဲ့ www.myanmarhousdb.com ဆိုပြီး ဝက်ဘ်ဆိုက်နှစ်ခုရှိပါသေးတယ်။

**မေး– ဝက်ဘ်ဆိုက်တစ်ခုချင်းရဲ့ အကျိုးသက်ရောက်မှုလေးတွေကို ပြောပေးပါဦးခင်ဗျာ။**

**ဖြေ–** ဝက်ဘ်ဆိုက်တစ်ခုချင်းစီမှာတော့ အကျိုးသက်ရောက်မှုတွေက အမျိုးမျိုးရှိကြပါတယ်။ ဥပမာ– အိမ်ခြံမြေ ဝက်ဘ်ဆိုက်ဆိုရင်လည်း ရောင်းသူ၊ ဝယ်သူအကျိုးရှိသလို၊ အလုပ်ရှာဝက်ဘ်ဆိုက်မှာဆိုရင်လည်း အလုပ်ရှင်၊ အလုပ်သမားအကျိုးရှိမှုတွေရှိကြပါတယ်။

**မေး– အခုဆိုရင် အစ်ကိုတို့ရဲ့ ဝက်ဘ်ဆိုက်ကို လာရောက်ကြည့်ရှုတဲ့သူဦးရေနဲ့ အကြိမ်ဘယ်လောက်များရှိနေပြီလဲ သိချင်ပါတယ်။**

**ဖြေ–** ဝက်ဘ်ဆိုက်စထောင်တုန်းကတော့ တစ်လအတွင်းမှာဝင်ရောက် ကြည့်ရှုတဲ့သူက သချာ်နည်းအရတွက်ရင်တော့ ၁၀ဂဏန်းလောက်ပဲရှိခဲ့တယ်။ အဲဒီကမှတဖြည်းဖြည်းနဲ့ ရာဂဏန်းအထိတက်လာခဲ့ပြီး အခုဆိုရင် ဝက်ဘ်ဆိုက်ကို ဝင်ရောက်ကြည့်ရှုသူဦးရေ ငါးသောင်းကျော်လောက်ရှိခဲ့ပြီး ကြည့်ရှုသည့်အကြိမ်ပေါင်းကနှစ်သန်းကျော်ရှိနေပြီဖြစ်ပါတယ်။

**မေး– ဒီ ဝက်ဘ်ဆိုက်ကို Application တွေအဖြစ်နဲ့ ပြောင်းလဲထုတ်လုပ်ဖို့ရော အစီအစဉ်ရှိပါသလား။**

**ဖြေ–** Myanmar Car DB.com အတွက်တော့ Application ကို version 1 နဲ့ ထုတ်ထားပါတယ်။ နောက်ထပ် version အသစ်ထုတ်ဖို့လည်းရှိပါတယ်။ အချိန်ကတော့ နောက်တစ်လနှစ်လလောက်ပဲကြာပါမယ်။ အလုပ်ရှာဝက်ဘ်ဆိုက်နဲ့ အိမ်ခြံမြေဝက်ဘ်ဆိုက်အတွက်လည်း ထုတ်ဖို့ရှိပါတယ်။ iOS အတွက်လည်း ထုတ်ထားပါတယ်။ Application ကိုတော့ Google Play Store နဲ့ ကျွန်တော်တို့ ဝက်ဘ်ဆိုက်က တစ်ဆင့်လည်း Download အခမဲ့ရယူနိုင်ပါတယ်။

**မေး– အစ်ကိုတို့ ဝက်ဘ်ဆိုက်ကိုသုံးစွဲနေတဲ့ ပရိသတ်ရော၊ မသုံးရသေးတဲ့ ပရိသတ်အတွက်ပါ အမှတ်တရစကားလေးပြောပေးပါဦး။**

**ဖြေ–** ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဝက်ဘ်ဆိုက်ကိုအရေးတယူကြည့်ရှုပေးကြတဲ့ ပရိသတ်တွေအတွက်ပေ့ါ။ သိလို့ကြည့်ရှုနေကြတဲ့ ပရိသတ်တွေအနေနဲ့လည်း ဆက်လက်ပြီး သုံးစွဲပေးပါ။ ဒီထက်ကောင်းတဲ့ အစီအစဉ်တွေနဲ့တင် ဆက်ပေးပါဦးမယ်။ အခုမှသိလို့ သုံးစွဲမယ့်သူတွေ အနေနဲ့လည်း စမ်းသုံးကြည့်ပါ။ သုံးကြည့်ပြီးမှ ကောင်းတယ်၊ မကောင်းဘူး ကို ဆုံးဖြတ်ပေးကြပါလို့ ပြောချင်ပါတယ်။

**မေး– အခုလို ဖြေကြားပေးတဲ့ အစ်ကို့ကို Mobile Guide ဂျာနယ် မှ ကျေးဇူးတင်ပါတယ် ခင်ဗျာ။**

**ဖြေ–** ကျွန်တော်ကလည်း ကျေးဇူးတင်ပါတယ် ခင်ဗျာ။


SAMSUNG
Samsung
GALAXY MEGA CDMA
Stay Smart, Live Large
မျက်နှာပြင်ကျယ်ကျယ်သုံးနိုင်မယ့်
စီဒီအမ်အေဖုန်း
Large 5.8" qHD Screen
Optimized wide UX
Smart Services & Features
Customer Contact Center 01-2399 888
samsungmyanmar
Samsung Customer Service Plaza (1) (မိုဘိုင်းဖုန်း သီးသန့်) အမှတ် (၁၉၅)၊ မဟာဗန္ဓုလပန်းခြံလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - (၀၁) ၃၇၈၂၁၆၊ ၃၇၈၂၁၇
Samsung Customer Service Plaza (2) (မိုဘိုင်းဖုန်း နှင့် အီလက်ထရောနစ်ပစ္စည်းများ) အမှတ် (၁၂၉/၁၃၁)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - (၀၁) ၃၉၄၅၅၈၂၊ ၃၈၉၃၀၄
Samsung Customer Service Plaza အမှတ် (၅၇၃)၊ ၈၄လမ်း (၄၂လမ်း နှင့် ၄၃လမ်းကြား)၊ မန္တလေးမြို့။ ဖုန်း - (၀၂) ၇၆၂၄၃

# SHOP VIEW

## SLN Mobile Shop




### တည်နေရာ

အမှတ်(၇၇၅)၊ မဟာဗန္ဓုလလမ်းနှင့်
၁၄ လမ်းထောင့်၊ လမ်းမတော်မြို့နယ်။
ရန်ကုန်မြို့။
ဖုန်း ၀၁-၂၃၀၁၇၉၇၊ ၀၁-၂၃၀၁၇၉၈

### SLN Mobile ဆိုင်အကြောင်း

SLN Mobile ဆိုင်ကို ၂၀၁၄ ခုနှစ်၊ ဖွန်လ ၂၄ ရက်နေ့မှစတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဆိုင်သစ်ဖွင့်လှစ်လိုက်ပေမယ့် ဆိုင်ထဲမှာရှိတဲ့ ဟန်းဆက်အားလုံးကတော့ တကယ့် Branded တွေပဲ ဖြစ်ပါတယ်။ ဆိုင်သစ်ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အနေနဲ့လည်း Promotion တွေ ပြုလုပ်ပေးထားပါတယ်။ ဆိုင်ခွဲတွေလည်း ထပ်ဖွင့်ဖို့ အစီအစဉ်ရှိပါတယ်။ ဖွင့်ဖြစ်ရင်လည်း လူစည်ကားရာနေရာတွေ၊ အချက်အချာကျတဲ့နေရာတွေမှာ ဖွင့်သွားပါမယ်။ နယ်ဆိုင်ခွဲတွေကိုတော့ နေပြည်တော်၊ မန္တလေးတို့မှာ ဖွင့်ဖို့ ရှိပါတယ်။ ဒီဆိုင်ဖွင့်ပြီးနောက် ခြောက်လလောက်ကြာရင်တော့ မန္တလေးဘက်သွားဖို့ ရှိပါတယ်။ ဒါ့အပြင် Promotion တွေကိုလည်း ၃ လအတွင်းမှာ အမျိုးမျိုးပြုလုပ်သွားပါမယ်။ နောက်ပိုင်းမှာလည်း Road Show တွေ၊ Weekly Special တွေ ပြုလုပ်ဖို့လည်း ရှိပါသေးတယ်။ ဆိုင်ကဖုန်းတွေကိုတော့ ပြသရောင်းချပေးတာမျိုးပဲလုပ်ပေးပါတယ်။ နယ်ကိုယ်စားလှယ်တွေအနေနဲ့ကတော့ရှိပါတယ်။ Acer ကိုတော့ မြန်မာပြည်ရဲ့ကိုယ်စားလှယ်အဖြစ်ထပ်ခွဲဖို့မရှိပါဘူး။

### SLN Mobile မှရောင်းချပေးသောဟန်းဆက်အမျိုးအစားများ

SLN မှ ရောင်းချပေးနေတဲ့ ဟန်းဆက်အမျိုးအစားတွေကတော့ Samsung, LG, HTC, Sony, Oppo, Gionee နဲ့ Acer တို့ပဲဖြစ်ပါတယ်။ Accessories တွေအနေနဲ့ကတော့ Anitech, Alicon တို့ တင်သွင်းထားပါတယ်။ ငွေဖြည့်ကတ်လည်း ရောင်းချပေးထားပါတယ်။

### SLN Mobile မှ ဝန်ဆောင်မှုများ

SLN မှ ဝန်ဆောင်မှုကတော့ ဟန်းဆက်အားလုံးက Branded တွေဖြစ်လို့ Official Warranty 1 Year ပေးထားပါတယ်။ ဆိုင်အနေနဲ့ကတော့ ဖုန်းဝယ်တဲ့သူတိုင်းကို Software တွေ၊ Application တွေကို အခမဲ့ ထည့်သွင်းပေးထားပါတယ်။ ဒါ့အပြင် Software တွေကိုလည်း တစ်သက်တာ အခမဲ့ ပေးထားပါတယ်။ ကတ်ပျောက်၊ ကတ်ပျက်တွေကိုလည်း ဆောင်ရွက်ပေးဖို့အတွက် အစီအစဉ်ရှိပါတယ်။ Hardware အတွက်ကတော့ ကုမ္ပဏီတွေက သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေအတိုင်းပဲ ဆောင်ရွက်ပေးသွားပါမယ်။

### SLN Mobile မှ ရောင်းအားအကောင်းဆုံးဖုန်း

ရောင်းအားအကောင်းဆုံးဖုန်းဆိုရင် HTC Desire 700, Samsung Galaxy S5, Oppo R1 နဲ့ Acer Liquid Z5 တို့က ရောင်းအားကောင်းပါတယ်။



ကိုကောင်းထက်အောင်
ဆိုင်တာဝန်ခံ

### SLN Mobile မှ ပြုလုပ်လျက်ရှိသော Promotion အစီအစဉ်

SLN Mobile အနေနဲ့ အခုလုပ်ထားတဲ့ Promotion ကတော့ ငွေကျပ်နှစ်သိန်းအထက်ဝယ်ရင် memory 8 GB တစ်ချောင်း၊ နှစ်သိန်းအောက်ဝယ်ရင် Micro SD 4 GB တစ်ခုပေးပါတယ်။ နောက်ထပ်လည်း Promotion တွေ လုပ်ဖို့ အစီအစဉ်ရှိပါတယ်။

### SLN Mobile မှာဝယ်ယူအားပေးသော Customer များအတွက် ပေးချင်သော Message

ဆိုင်ကအသစ်ဖွင့်ထားတာ သိပ်မကြာသေးပေမယ့် ဆိုင်ရှိဟန်းဆက်အားလုံးကို ပစ္စည်းမှန်၊ ဈေးနှုန်းမှန်နဲ့ ရောင်းချပေးထားပြီး Official ဖုန်းဟန်းဆက်တွေဖြစ်တာကြောင့် Warranty ကိုလည်း အပြည့်ပေးထားပါတယ်။ Service အပိုင်းမှာလည်း သုံးစွဲသူစိတ်ကြိုက်ဖြစ်စေရအောင် ဆောင်ရွက်ပေးထားပြီး ဆိုင်ထဲကို ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါတယ်။ ဆိုင်ရှိဟန်းဆက်အားလုံးက ဈေးမှန်၊ ပစ္စည်းမှန်တာဖြစ်လို့ မိမိတို့မှန်းထားတဲ့ ဈေးနှုန်းနဲ့ ကိုက်ညီတဲ့ဟန်းဆက်ကို ရွေးချယ်ဝယ်ယူနိုင်ပါတယ်။ ဝင်ရောက်အားပေးကြပါ။ ဆိုင်ရှိဝန်ထမ်းတွေအားလုံးက နွေးထွေးပျူငှာစွာနဲ့ကြိုဆိုနေပါ့မယ်။

### SLN Mobile မှာ ဝယ်ရင်စိတ်ချရမယ့်အပိုင်း

အဓိက စိတ်ချရမယ့် အပိုင်းက Warranty အာမခံအပိုင်းပေါ့။ Official ဖုန်းတွေဖြစ်လို့ စိတ်ချနိုင်ပါတယ်။ ပြီးရင်ဈေးနှုန်းပိုင်းကလည်း သက်သာအောင် လျှော့ချပေးထားတယ်။ Gionee ဖုန်းတွေဆိုရင်လည်းတန်ဖိုးနည်း Keypad တွေပါပေမယ့်သူ့ကိုလည်း အာမခံတစ်နှစ်ပေးထားပါတယ်။ဒါကလည်းအားသာ ချက်တစ်ခုပေါ့။

### SLN Mobile မှ Operator များနဲ့ ဆောင်ရွက်ခြင်း

Operator တွေနဲ့ ဆောင်ရွက်ဖို့က ညှိနှိုင်းတုန်းပဲ။ Telenor က ဘာမှကြေညာတာမျိုး မရှိသေးဘူး။ Ooredoo တို့ကတော့ သူတို့ရဲ့ရောင်းချမှုအစီအစဉ်တွေကို Gold, Silver တို့ သတ်မှတ်ထားတာမျိုးရှိတယ်။ Silver ဖြစ်ဖို့ ညှိနှိုင်းဆောင်ရွက်နေပါတယ်။

## ဆိုင်ရဲ့တစ်ပတ်အတွင်း အရောင်းရဆုံးဖုန်းများ



### Oppo R1
- Network - GSM
- Display - 5 inches
- Storage - 16GB
- OS - Android 4.2
- Camera - 8 MP
- CPU - 1.3GHz Quad Core

299,000 Ks



### Samsung Galaxy S5
- Network - GSM
- Display - 5.1 inches
- Memory - Internal 64 GB
- Camera - 16 MP
- CPU - 1.9GHz Quad Core
- OS - Android 4.4.2

619,000 Ks



### HTC Desire 700
- Network - GSM(Dual Sim)
- Display - 5 inches
- Storage - up to 64 GB
- Camera - 8 MP
- CPU - 1.2GHz Quad Core
- OS - Android

328,000 Ks



### Acer Liquid Z5
- Network - GSM
- Camera - 5 MP
- Display - 5 inches
- CPU - 1.3GHz Dual Core
- Memory - 4GB
- OS - Android 4.2.2

145,000 Ks



MODEL : KHAING THAZIN YU WAH
PHOTO : PETER MINN SETT
ACCESSORIES : ROYAL TECH

# Behind the Scene

မိုဘိုင်းဖုန်းဆင်းကတ်များကို ဈေးနှုန်း ထောင်ဂဏန်း ဝန်းကျင်ဖြင့် လိုသလောက် ဝယ်ယူနိုင်အောင် နှစ်မကုန်ခင်မှာ ရောင်းချပေးမယ်လို့ ပြည်တွင်း ပြည်ပ အော်ပရေတာများက ကြေညာထားကြပေမယ့် ယခုအချိန် အထိတော့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လစဉ်လတိုင်း တန်ဖိုးနည်းမိုဘိုင်းတယ်လီဖုန်းဆင်းကတ် များကို သတ်မှတ်အရေအတွက်ဖြင့် ရောင်းချပေးနေ ဆဲဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇွန်လပိုင်းအတွက်လည်း တစ်နိုင်ငံလုံးဝန်းကျင်ကို ဆင်းကတ်အရေအတွက် လေးသိန်းရောင်းချပေးပါဦးမယ်။ ဒီခြောက်လပိုင်းမှာလည်း ငါးလပိုင်းကဲ့သို့ပင် ရန်ကုန်တိုင်းဒေသကြီးအတွက် ရောင်းချပေးမယ့် ဆင်းကတ်အမျိုးအစားကတော့ CDMA 800MHz အထောက်အပံ့ရရှိမယ့် ဆင်းကတ်များဖြစ်ပါတယ်။ ပင်စင်စားများ အတွက်ကိုတော့ WCDMA ဆင်းကတ်များရောင်းချပေးပါမယ်။ ရန်ကုန် တိုင်းအတွက် စုစုပေါင်းဆင်းကတ်အရေအတွက် ၂၆၅၀၀၀ ရောင်းချပေးမှာဖြစ်ပြီး။ CDMA 800 ဆင်းကတ်က ၂၅၀၀၀၀ ဖြစ်ပြီး။ WCDMA ဆင်းကတ်ကတော့ ၁၅၀၀၀ ဖြစ်ပါတယ်။ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် CDMA 800MHz ဆင်းကတ်မှလွဲ၍ GSM နဲ့ WCDMA ဆင်းကတ်များကို ရောင်းချပေးမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းတွင် ဆင်းကတ်ဝယ်ယူအသုံးပြုချင်သူ အများစုက GSM ဆင်းကတ်များကို အသုံးပြုချင်ကြပါတယ်။

ဒါပေမယ့်ရရှိသော ဆင်းကတ်များကိုပဲ အသုံးပြုနေကြရပြီး။ မြို့ပေါ်ရှိ ရပ်ကွက်အတော်များများတွင် အိမ်ထောင်တစ်စုလျှင် ပျမ်းမျှ ဆင်းကတ်နှစ်ကတ်နှုန်းရရှိနေကြပါတယ်။ အချို့သော ရပ်ကွက် များတွင် မဲစနစ်ဖြင့် ရောင်းချပေးခြင်းမရှိတော့ဘဲ လာရောက် လျှောက်ထားသူမှန်သမျှကို စိစစ်ပြီး။ ရောင်းချ ပေးနေကြပါတယ်။ နယ်ဘက်ဒေသတွေမှာတော့ ဆင်းကတ် မရရှိသေးသူ အများအပြား ရှိနေဆဲဖြစ်ပါတယ်။ ခြောက်လပိုင်း အတွက် ရန်ကုန်တိုင်းပြီးလျှင် ဆင်းကတ်ခွဲတမ်း အများဆုံး ရရှိသော ဒေသကတော့ မန္တလေးတိုင်းဒေသကြီးဖြစ်ပါတယ်။ GSM ဆင်းကတ်အရေအတွက် ၂၀၀၀၀ နဲ့ WCDMA ဆင်းကတ် ၅၃၀၀ ရရှိပါတယ်။ အနည်းဆုံးရရှိတဲ့ ပြည်နယ် ကတော့ ကယားပြည်နယ်ဖြစ်ပါတယ်။ ထိုကဲ့သို့ ဆင်းကတ်များ လစဉ်ရောင်းချပေးခဲ့ရာ ၂၀၁၄ ခုနှစ်၊ မေလအထိဆိုလျှင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးသို့ တန်ဖိုးနည်း CDMA 800MHz တယ်လီဖုန်း ၂၇၄၀၀၀၀၊ GSM တယ်လီဖုန်း ၁၆၄၉၇၀၀ နှင့် WCDMA တယ်လီဖုန်း ၆၆၀၃၀၀ လုံး ရောင်းချပေးနိုင်ခဲ့သောကြောင့် စုစုပေါင်းတန်ဖိုးနည်း မိုဘိုင်း တယ်လီဖုန်း ၅ . ၀၅ သန်း ရောင်းချပေးခဲ့ပါတယ်။ ပြည်ပ အော်ပရေတာနှစ်ခုဖြစ်သော Telenor နဲ့ Ooredoo တို့ကလည်း ဆင်းကတ်အရေအတွက် သန်းနဲ့ချီ ရောင်းချပေးမယ်လို့ ဆိုထားတာကြောင့် ပြည်တွင်းသို့ ဟန်းဆက်အလုံးရေ တင်သွင်းမှုပမာဏ ပိုမိုများပြားလာပါလိမ့်မယ်။ ဟန်းဆက်တင်သွင်း မှုနဲ့ပတ်သက်သော အခွန်ကိစ္စရပ်များကိုလည်း အဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်ဖို့ အတွက် တောင်းဆိုဆွေးနွေးမှုများကို ပြုလုပ်လျက်ရှိကြောင်းမီဒီယာများတွင် ဖော်ပြကြပါတယ်။ နောက်ဆုံးပေါ်ဟန်းဆက်ကို ယခုအချိန်တွင် ဝယ်ယူမယ်ဆိုပါက မိုးရာသီ ကာလနှင့်ကိုက်ညီမယ့် ရေစိုခံဖုန်းများဟာ ဒီလတွေမှာ လူကြိုက်ပိုများ ကြပါတယ်။ လူငယ်၊ လူကြီးမရွေး ရေစိမ်ခံဖုန်းကို ရွေးချယ်ဝယ်ယူချင်တယ် ဆိုရင်တော့ Sony ရဲ့ နောက်ဆုံးပေါ် Z2 ဟာ ဆိုင်အများစုမှာ ရောင်းချ ပေးနေပါတယ်။ သူ့ရဲ့ပထမမျိုးဆက် Z1 ဟာ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ က ထုတ်လုပ်ခဲ့တာဖြစ်ပြီး။ Z2 ကတော့ ၂၀၁၄ ခုနှစ်၊ ဧပြီလမှာမှ ရောင်းချပေးတာဖြစ်ပါတယ်။ မော်ဒယ်နံပါတ်အမျိုးအစား အလိုက် 2G, 3G, 4G network များ ထောက်ပံ့ပေးနိုင်မှုကွဲပြားသွားပါမယ်။ Micro-Sim ထည့်သွင်းအသုံးပြုရမယ့် ဒီဖုန်းရဲ့အရွယ်အစားကတော့ 146.8x73.3x8.2mm ဖြစ်ပြီး။ အလေးချိန်ကတော့ 163g ရှိပါတယ်။ ရေစိုခံနိုင်သော Z2 ဟာ ရေအနက်တစ်မီတာတွင် မိနစ် ၃၀ နီးပါး ခံနိုင်ရည်ရှိပါမယ်။ IPS LCD capacitive touchscreen ရဲ့ အကျယ် ပမာဏကတော့ 5.2inches ဖြစ်ပြီး။ တောက်ပကြည်လင်သော ပုံရိပ်တွေကို ခံစားရရှိစေဖို့အတွက်လည်း 1080x1920 pixels ပမာဏဖြင့် ထောက်ပံ့ပေး ထားကာ တစ်လက်မမှာရှိမယ့် pixel ပမာဏ သိပ်သည်းဆကတော့ 424 ppi ပါ။



# SONY Xperia Z2

Multitouch စနစ်တွင် လက်ချောင်း ဆယ်ချောင်းအထိ အသုံးပြုလို့ ရပါမယ်။ Triluminos ပုံဖော် စနစ်ပါရှိသော ဒီဖုန်းတွင် X-Reality Engine ကို တပ်ဆင်ပေးထား ပါတယ်။ 4K ဗီဒီယိုတွေကို ရိုက်ကူးနိုင်မယ့် Z2 ဟာ MHL 3.0 ကို အသုံးပြုပြီးတော့လည်း 4K ဗီဒီယိုတွေကို အလွယ်တကူ ပြောင်းရွှေ့ကြည့် ရှုနိုင်ပါမယ်။ အသံပိုင်းစနစ်လည်း ကောင်းမွန်သော Z2 ဟာ ဓာတ်ပုံရိုက်ကူးဖို့ အတွက်လည်း အဓိက ကင်မရာစွမ်းရည်သည် အမြင့်စားအဆင့်ဖြစ်ပါတယ်။ 20.7MP စွမ်းရည်ရှိသော အနောက်ကင်မရာနှင့် 2.2MP စွမ်းရည်ရှိသော ရှေ့ကင်မရာငယ်လည်း ပါရှိပါတယ်။ Z2 ဟာ Compact Digital Camera တွေကို ယှဉ်ပြိုင်နိုင်စွမ်းရှိပါမယ်။ မှတ်ဉာဏ်ပမာဏအပိုင်းမှာတော့ RAM က 3GB ပါရှိပြီး။ Internal Storage ကိုတော့ 16GB ထည့်သွင်းပေးထားပါတယ်။ အများဆုံး SD ကတ်စိုက်လို့ရမယ့် ပမာဏကတော့ 128 GB ဖြစ်ပါတယ်။ ဖုန်းတစ်ခုလုံးကို လည်ပတ်စေမယ့်စနစ်ကတော့ Android ဖြစ်ပြီး။ version ကတော့ KitKat ပါ။ တို့ထိအသုံးပြုတဲ့အခါမှာလည်း လျင်လျင်မြန်မြန်ရှိစေဖို့ Quad core 2.3GHz processor တပ်ဆင်ပေးထားပါတယ်။ GPU ကတော့ Adreno 330 ဖြစ်ပါ တယ်။ Bluetooth ကတော့ version 4.0 ပါ။ အဖြူ၊ အနက်၊ ခရမ်းရောင် စတဲ့အရောင်တွေဖြင့် ထုတ်လုပ်ပေးထားသော Z2 ကို Li-Ion 3200mAh ဘက်ထရီဖြင့် တွဲဖက်အသုံးပြုရပါမယ်။ 3G network တွင် အသင့်အနေ အထား၌ 740 နာရီနီးပါး နှင့်စကားပြောဆိုဖို့အတွက် 19 နာရီနီးပါး ခံနိုင်ရည် ရှိအောင် စွမ်းဆောင်ပေးနိုင်ပါမယ်။ သီချင်းနားထောင်ဖို့အတွက်ကိုတော့ 120 နာရီနီးပါး ခံနိုင်ရည်ရှိအောင် စီမံပေးနိုင်ပါတယ်။

# GAME
IOS














Review

ဒီတစ်ခေါက်မှာတော့ ရုပ်ရှင်မထွက်ခင် ဂိမ်းအနေနဲ့ ကြိုပြီးထွက်ရှိလာတဲ့ Transformers : Age of Extinction နဲ့ မိတ်ဆက်ပေးချင်ပါတယ်။ 3D Combat runner ဂိမ်းအမျိုးစားလည်းဖြစ်ပါတယ်။ ဂိမ်းထဲမှာ စက်ရုပ်နေရာကနေ ပြေးနေရင်း ကားအဖြစ်လည်းပြောင်းသွားလို့ရပါတယ်။ အဲဒီလို ပြေးရင်းလွှားရင်းကနေပဲ ရန်သူတွေကို သေနတ်နဲ့ ပစ်တာ၊ ဓါးနဲ့ ခုတ်တာတွေ လုပ်သွားရမှာပါ။ သေသွားတဲ့ ရန်သူစက်ရုပ်တွေကနေ ဂိမ်းထဲမှာသုံးရတဲ့ ပိုက်ဆံဖြစ်သည့် Energon Cubes တွေကျလာတာကို လိုက်ကောက်ရမှာပါ။ အဲဒီပိုက်ဆံနဲ့ Autobots တွေဝယ်နိုင်သလို၊ ဝယ်ထားတဲ့ bots တွေအတွက် item တွေလည်းဝယ်ပေးနိုင်မှာပါ။ Level တစ်ခုစီတိုင်းမှာ မတူညီတဲ့ Goal သုံးခုစီပေးထားတတ်ပါတယ်။ Score ဘယ်လောက်ရရမယ်၊ ဘယ်နှစ်ကောင်သတ်ရမယ်၊ Energon Cubes ဘယ်နှစ်ခုကောက်ရမယ်စသဖြင့် Goal တွေပေးထားတတ်ပါတယ်။ အဲဒီ Goal တစ်ခုပြီးတိုင်းကြယ်တစ်ပွင့်ရပါတယ်။ ဒီကြယ်ပွင့်တွေကို တချို့ Characters တွေအား unlock လုပ်တဲ့နေရာမှာအသုံးဝင်သလို ကြယ်သုံးပွင့်လုံးရမယ်ဆိုရင် မြေပုံပေါ်မှာ Deception Logo လေးပေါ်လာပါလိမ့်မယ်။ ဒီဂိမ်းရဲ့ အဓိက အားနည်းချက်က တချို့အခန်းတွေက ပြန်ပြန်ထပ်နေတာပါ။ Runner ဂိမ်းတွေဟာ အဲဒီလို ပြန်ထပ်တတ်ပေမယ့်၊ ပုံမှန်အားဖြင့် တစ်နာရီလောက်ဆက်တိုက် ကစားတာတောင်မှ ကစားသူဟာ အဲဒီလိုထပ်နေတယ်ဆိုတာကိုသတိမထားမိတတ်ပါဘူး။ ဒီမှာတော့ အခန်းနောက်တစ်ခုကို ကူးမယ်ဆိုရင် time-gated energy recharges နဲ့ ထိန်းထားပါတယ်။ ဘာပဲဖြစ်ဖြစ် အရမ်းကောင်းတဲ့ ဂရပ်ဖစ်နဲ့ စိတ်လှုပ်ရှားရစေမယ့် ဂိမ်းတစ်ခုဆိုတာတော့ အသေအချာပါ။ ဂိမ်းရဲ့တချို့အခန်းတွေမှာ Boss Fight တွေထည့်ပေးထားပေမယ့် တခြားရန်သူတွေကိုတိုက်ခိုက်သလိုပဲတိုက်ခိုက်ရတာပါ။ Boss ရဲ့ သွေးတန်းကပိုရှည်လာတာပဲ ပိုထူးခြားပါတယ်။ ရုပ်ရှင်ကနေဂိမ်းအဖြစ် ပြန်ပြီးဖန်တီးကြတဲ့ ဂိမ်းတွေဟာ ထင်သလောက်အရည်အသွေး မကောင်းတတ်ကြဘူးဆိုပေမယ့် TRANSFORMERS : Age of Extinction ကတော့ အကောင်းကြီးလည်း မဟုတ်သလို၊ အဆိုးကြီးလည်း မဟုတ်တဲ့အလယ်အလတ်အဆင့်ရှိတဲ့ ဂိမ်းပါ။ အဓိကကတော့ ဂရပ်ဖစ်ပိုင်းမှာ အတော်ကြီးကောင်းတဲ့ ဂိမ်းလို့ ပြောနိုင်ပါတယ်။ iOS သမားတွေ အတွက်တော့ iOS 7.0 နဲ့ အထက်လိုအပ်ပြီး Android သမားတွေ အတွက်တော့ Android 2.3.3 နဲ့အထက် လိုအပ်ပါတယ်။ ဒီဂိမ်းကို App Store မှာရော Play Store မှာပါ အခမဲ့ရယူနိုင်ပါပြီ။

## Console Price

| | |
|---|---|
| PS3 Super Slim + 250GB | - 500,000 |
| Xbox360 Slim 4GB (RGH) | - 410,000 |
| Xbox360 Kinect Sensor | - 130,000 |
| PSP Go (Japan) | - 220,000 |
| PSP-3000 (Japan) | - 190,000 |
| PS Vita (US) | - 300,000 |
| Nintendo Wii (US) | - 280,000 |
| Nintendo Wii U (US) | - 420,000 |
| Nintendo 3DS XL(Original) | - 300,000 |
| Nintendo 3DS XL (Jailbreak) | - 330,000 |
| Nintendo 3DS Gateway Card | - 90,000 |
| PS3 System Version upgrade | - 10,000 |
| Xbox360 LT 3.0 upgrade | - 25,000 |
| Xbox360 RGH Jailbreak Service | - 100,000 |
| Wii modify | - 35,000 |
| Wii U Modify | - 35,000 |
| PS3 Original Controller | - 55,000 |
| Xbox 360 Original Controller | - 55,000 |
| Xbox 360 Original Wired Controller | - 45,000 |
| PC Game Discs | - 1,000 |
| PS3 Game install | - 25,00 |
| Xbox 360 game discs/install | - 25,00 |
| Wii Game Discs | - 2,000 |

***အဆိုပါ video game console နှင့် accessory တန်ဖိုးများကို Game Hive (ဖုန်းနံပါတ် 09 7311 8550, 09 541 7272) မှ ကူညီပါသည်။***

## Local Updates




ယခုအပတ်အတွင်း Video Game ဈေးကွက်အတွင်းသို့ PC ဂိမ်းသစ်အဖြစ် Racing ဂိမ်းသစ် Grid Autosports နှင့်အတူ Strategy Simulation ဂိမ်း Supreme Rule 1936 တို့ဝင်ရောက်လာပါတယ်။ Grid Auto Sports ဟာနာမည်ကြီး Racing ဂိမ်း developer ၏နောက်ဆုံးထွက်ဂိမ်းသစ်ဖြစ်ပြီး ယခင် Grid 2 တွင် မပါဝင်ခဲ့သော in-car view နှင့်အတူ racing track ပေါင်း ၃၀ ကျော်တွင် နေ့နှင့် ညပြောင်းလဲနိုင်သော Day & Night Cycle ပြိုင်ပွဲများအတွက် Racing Circuits အပြင် မြို့များအတွင်းမောင်းနှင်နိုင်သော Street Track များပါဝင်လာကြောင်းသိရှိရပါတယ်။ Supreme Ruler 1936 ကတော့ Civilization နှင့် Rome ကဲ့သို့ turn based Strategy ဂိမ်းများနှစ်သက်သူတို့အတွက် သင့်တော်တဲ့ စစ်ပွဲ Simulation ဂိမ်းသစ်ဖြစ်ပါတယ်။

PS3 အတွက်လည်း ဂိမ်းခွေသစ်အမြောက်အမြားထွက်ရှိလာပြီး JRPG ဂိမ်းဖြစ်သော Atelier Rorona ကို 3D Character Model သစ်များ၊ Level သစ် များဖြင့် ပြန်လည်ရေးဆွဲထားသည့် Atelier Rorona Plus : The Alchemist of Arland နှင့် အတူနာမည်ကျော် Animation ဇာတ်လမ်းတွဲ One Piece အားမှီငြမ်းထားသည့် Open World Action ဂိမ်းသစ် One Piece Unlimited World : Red တို့လည်းဝင်ရောက်လာပါတယ်။အဆိုပါဂိမ်း သစ်များကို GAME HIVE ဖုန်းနံပါတ် ၀၉-၇၃၁၁ ၈၅၅၀ နှင့် ၀၉-၅၄၁၀၇၂၇၂ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရပါတယ်။

## Hot News

### မကြာမီ Update လုပ်ပေးသွားမယ့် PS4

Sony အနေနဲ့ PS4 နဲ့ PS3 တွေအတွက် System Software အသစ်တစ်ခုကို မကြာမီထုတ်ပေးတော့မှာဖြစ်ပါတယ်။ Version 1.72 ကို PS4 အတွက် ထုတ်ပေးမှာဖြစ်ပြီး၊ PS3 အတွက်ကိုတော့ Version 4.60 အတွက်ထုတ်ပေးသွားမှာပါ။ အဓိကအနေနဲ့ System Software အတွက်ပိုပြီး Stability ကောင်းလာမှာဖြစ်ပြီး၊ တချို့ Feature တွေကိုလည်း ထည့်သွင်းပေးသွားမှာပါ။ ဒီသတင်းနဲ့ ပတ်သက်ပြီး Official PlayStation Twitter မှာတင်ခဲ့တာဖြစ်ပေမယ့်၊ ဘယ် App အသစ်တွေပါဝင်လာမယ်ဆိုတာကို တော့ပြောမသွားပါဘူး။ အရင် PS4 အတွက် System Software Update ကတော့ 1.71 ဖြစ်ပြီး ဇွန်လ ၃ ရက်နေ့က ထုတ်ဝေခဲ့တာဖြစ်ပါတယ်။ အဲဒီ Update မှာ တုန်းကတော့ SHARE Factory app နဲ့ PlayStation Store ကနေ digitally ဝယ်ထားတဲ့ ဂိမ်းတွေ Preload လုပ်နိုင်ခွင့်တွေကိုထည့်ပေးထားပါတယ်။ နွေရာသီမှာတော့ PlayStation Now နဲ့အတူ Major Update အဖြစ်ထွက်ရှိလာဖို့လည်းရှိပါသေးတယ်။ PS Now ဟာ အခုဆိုရင် PS4, PS3 နဲ့ PS Vita တွေအတွက် Beta အနေနဲ့ပဲထုတ်ဝေပေးထားတာပါ။



# HOW TO
## ANDROID TIPS

IFTTT ဆိုတာဟာ 'If this, then that' ရဲ့ အတိုကောက်ပါ။ အရင် က iOS မှာပဲ ရခဲ့ပေမယ့် အခုတော့ Google Play ကိုပါ ရောက်လာပါ ပြီ။ သူ့ရဲ့ အဓိကအချက်ကတော့ သတ်မှတ်ထားတဲ့အချက်တွေနဲ့ ကြုံလာခဲ့ ရင် ဘာလုပ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်တွေကို ကြိုတင်သတ်မှတ်ပေးနိုင် ခြင်းပါ။ အဲဒါတွေကို recipes လို့ခေါ်ပါတယ်။ အဲဒီ recipe တွေကို ကိုယ်တိုင်လုပ်လို့ရသလို သူများလုပ်ပြီးသားတွေကိုလည်း ယူသုံးနိုင်တဲ့ အပြင်ကိုယ်လုပ်ထားတာတွေကိုလည်း သူများတွေကို မျှဝေပေးနိုင်ပါတယ်။ လက်ရှိအချိန်မှာတော့ Phillips ကနေထုတ်တဲ့ Phillips Hue လျှပ်စစ်မီး သီးတွေကို ဖုန်းကနေတစ်ဆင့် ထိန်းချုပ်တဲ့ recipe ဟာ စိတ်ဝင်စားစရာ အကောင်းဆုံးပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့အလွယ်တကူလုပ်နိုင် မယ့် recipes တွေ အများကြီးရှိပါတယ်။ ဒီသင်ခန်းစာမှာတော့ ဘယ်လိုလုပ်ရမယ်ဆိုတာကို နမူနာအနေနဲ့ ပြပေးသွားမှာပါ။

### 1. Start it up

App ကို download လုပ်ပြီး install လုပ်ပါ။ ပထမဦးဆုံး run လိုက်တာနဲ့ channels တွေအများကြီးပါတဲ့ screen တစ်ခုကို ရောက်သွားပါမယ်။ ဒီ channels တွေဟာ ကျွန်တော်တို့ရဲ့ code statement တွေအတွက် အခြေခံတွေပါ။ ညာဘက်အပေါ်ထောင့်မှာရှိတဲ့ အနက်ရောင် အပေါင်းပုံ လေးကို နှိပ်လိုက်ပါ။




### 2. Time to start cooking

ပထမဦးဆုံး recipe ကိုစလုပ်နိုင်ပါပြီ။ အဲဒီမှာ blank recipe တစ်ခုရှိနေပါမယ်။ Start here လို့ရေးထားတဲ့ စာသားရယ်၊ အပြာရောင် အပေါင်းပုံရယ်၊ မီးခိုးရောင်အပေါင်းပုံရယ်ကို တွေ့ပါမယ်။ အပြာရောင် အပေါင်းပုံကို နှိပ်ပါ။




### 3. The big list

အဲဒီမှာ channels တွေအတွက် စာရင်းလုပ်ပေးထားပါတယ်။ IFTTT app အနေနဲ့ အသုံးပြုနိုင်သည့် app တွေနဲ့ service တွေကိုမြင်ရမှာပါ။ app တစ်ခုချင်းစီတိုင်းအတွက် မတူညီတဲ့ action တွေကို စာရင်းလုပ်ပေးထားတာတွေ့ပါမယ်။ app icon တွေထဲမှာ phone call ဆိုတာကို ရွေးပေးပါ။




### 4. Choose your channel

ဒီသင်ခန်းစာမှာတော့ Android ဖုန်းပေါ်မှာ missed call ဖြစ်သွားရင် gmail ထဲကို email ပို့ပေးအောင် လုပ်ပေးတဲ့ recipe ကို လုပ်ကြည့်ပါမယ်။ Android phone call channel ထဲကိုရောက်သွားပြီဆိုရင် 'Any phone call missed' ဆိုတဲ့ option ရဲ့ ဘေးကအပြာရောင် အပေါင်းပုံကိုနှိပ်ပါ။




### 5. And now the red cross

အခုဆိုရင် statement ထဲက this ဆိုတာကို သတ်မှတ်ပြီးပါပြီ။ အဲဒါဆိုရင် recipe creation screen ကို ပြန်ရောက်သွားမှာပါ။ အရင် တစ်ခါက မီးခိုးရောင်အပေါင်းပုံက အခုအနီရောင်ဖြစ်နေပါတယ်။ အဲဒါကို နှိပ်လိုက်ရင် that အတွက် channels list တစ်ခုကို ပြန်ရောက်သွားမှာပါ။




### 6. Set the that

Gmail channel ထဲကို ဝင်ပြီး 'Send an email to' ဆိုတာကို ရွေးပါ။ Gmail channel ကို ဝင်ဖို့အတွက် ကျွန်တော်တို့ရဲ့ Gmail account နဲ့ sign in ဝင်ဖို့လိုပြီး IFTTT ကို access လုပ်ခွင့်ပေးရပါမယ်။ ဒါတွေလုပ်ပြီးသွားပြီဆိုရင် ကိုယ်ပို့ချင်တဲ့ email address ကို ဖြည့်လိုက်ရုံပါပဲ။




### 7. Finish it off

ဒီတစ်ခါမှာလည်း ကျွန်တော်တို့က recipe creation screen ကို ပြန်ရောက်နေပါမယ်။ ကျွန်တော်တို့ရဲ့ process တွေ မှန်လားဆိုတာ စစ်ပေးပါ။ ကိုယ့် recipe ကိုသုံးရင် Notify လုပ်မယ်၊ မလုပ်ဘူးဆိုတာကို ရေးပါ။ setting တွေ သတ်မှတ်ပြီးတာနဲ့ ကျွန်တော်တို့ရဲ့ ပထမဦးဆုံး recipe ကို ဖန်တီးပြီးသွားပါပြီ။








# MG FEATURE

## Google I/O 2014






Google I/O conference ဟာ Android ထုတ်လုပ်သူအဖို့ Apple ကို ယှဉ်နိုင်ရေး အစီအစဉ်ကြီးပမ်းချက်ဖြစ်ပါတယ်။ သူတို့ mobile OS ကို စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးနဲ့ ဒီဇိုင်းပိုင်းအပြင်အဆင်တွေ ပြောင်းလဲရေးလုပ်ဖို့ သူတို့ရည်ရွယ်ထားတာပါ။ အခု Android L ဟာ iOS 8 ကို ယှဉ်ပြိုင်မယ့် Google ရဲ့ နောက်ဆုံးထုတ် OS ဖြစ်လာမှာဖြစ်ပါတယ်။

### Android TV

Google TV ကို Android TV ဆိုပြီး rebrand ပြန်လုပ်ထားတာဆိုပေမယ့်၊ feature အသစ်တွေလည်းပါဝင်ပါတယ်။ scrolling experience ပိုင်းပိုကောင်းလာပြီး user interface လည်းပိုကောင်းလာပါတယ်။ voice search လည်းပါလာတာမို့ Amazon Fire TV မှာလိုပဲ ရုပ်ရှင်ဇာတ်ကားတွေနဲ့ TV show တွေကို အသံနဲ့ရှာပေးနိုင်ပါတယ်။ search ဟာ ဘယ်လောက်တောင်ကောင်းလဲဆိုရင် "၂၀၀၀ခုနှစ်က အော်စကာဆုရထားတဲ့ ရုပ်ရှင်တွေ" လို့ ပြောလိုက်တာနဲ့တင် အဲဒီရုပ်ရှင်တွေကို ရှာပေးနိုင်ပါတယ်။ Android TV တွေမှာ Native game support လည်း ထည့်ပေးထားပါတယ်။ လာမည့် ဆောင်းတွင်းကြရင် Sony, Sharp နဲ့ Philips တို့ကနေ Android TV တွေကို ထုတ်လုပ်ရောင်းချသွားမှာပါ။

### Android Auto

ဖုန်းပြောရင်း ကားမောင်းတာ အန္တရာယ်ရှိတယ်ဆိုပေမယ့် လူတွေက လုပ်နေကြတုန်းပါပဲ။ ဒါကြောင့် Google က Apple ရဲ့ CarPlay နဲ့အပြိုင် နည်းပညာကို တီထွင်ခဲ့တာပါ။ Android Auto ဟာ Google ရဲ့ စမတ်ဖုန်း experience ကို ကားရဲ့ screen ပေါ်ပို့ပေးပြီး steering wheel buttons တွေ၊ console dial နဲ့ touchscreen တွေကိုပါ support လုပ်ပေးထားပါတယ်။ ဒါပေမယ့် app တွေကိုတော့ ဖုန်းထဲမှာပဲ ထည့်ထားမှာပါ။ ဒါကြောင့် ဖုန်းအသစ်ဝယ်လို့ပဲဖြစ်ဖြစ်၊ software update လုပ်တဲ့အခါမှာပဲဖြစ်ဖြစ် ကားကိုပါ လိုက်ပြောင်းနေစရာမလိုတော့ပါဘူး။ နောက်ဆုံးမှာတော့ Google Maps ဟာ in-car infotainment system တစ်ခုလုံးကိုဖြစ်လာပါတယ်။ contacts တွေ၊ Message တွေ၊ reminder တွေအပြင်၊ အားလုံးလိုချင်နေကြတဲ့ music service တွေကို တောင်မှပဲ ထည့်သွင်းပေးထားတာပါ။

### Android L

ပထမဦးဆုံး OS ရဲ့အပြောင်းအလဲကတော့ lockscreen နဲ့ notification ကို ပေါင်းစပ်လိုက်တာပါ။ Noti တွေကို ကြည့်ဖို့ unlock လုပ်စရာမလိုတော့ဘဲ၊ lockscreen ပေါ်မှာတင် တိုက်ရိုက်ဖတ်နိုင်ပါပြီ။ နောက်တစ်ခုကတော့ bluetooth-connected device တစ်ခုခုကို ကိုယ်ပေါ်မှာ တပ်ထားမယ်ဆိုရင် ဖုန်းတို့၊ tablet တို့ကို ကိုယ့်အနားရောက် သွားတာနဲ့ အလိုလို unlock ဖြစ်သွားအောင် လုပ်ပေးပါတယ်။ ကိုယ်က အဝေးကို ရောက်သွားတာနဲ့ အလိုလို lock ပြန်လုပ်ပေးပါတယ်။

Lock screen အပြင် Android L မှာ နောက်ထပ်အပြောင်းအလဲက Google ရဲ့ Material Design ကို အပြောင်းအလဲလုပ်ထားတာပါ။ ဒီ UI ဟာ Android, Chrome OS နဲ့ Android Wear သုံးခုစလုံးမှာ တစ်သမတ်တည်းဖြစ်နေအောင် လုပ်ပေးပါလိမ့်မယ်။






### Google Glass

Google I/O ပြီးသွားချိန်မှာ လူတိုင်းမျှော်လင့်နေတဲ့ အရာတစ်ခုက စင်ပေါ်မရောက်ခဲ့ပါဘူး။ Android ရဲ့ ဖန်ဆင်းရှင် Andy Rubin နဲ့ မကြာသေးခင်ကမှ ဝယ်ယူထားသော ကုမ္ပဏီဖြစ်တဲ့ Boston Dynamics တို့ဟာ Google ရဲ့ အားကောင်းတဲ့ လက်နက်တွေကိုအများပြည်သူရှေ့ချပြနိုင်ဖို့ အဆင်သင့်မဖြစ်သေးပုံပါဘဲ။ Google Glass ကို မမြင်ခဲ့ရတာဟာ ထူးဆန်းနေပါတယ်။ wearables တွေအကြောင်းပြောနေချိန်မှာ Google ကတော့ Glass ကို ချန်ထားရစ်ခဲ့ပါတယ်။ ပရိသတ်တွေထဲမှာတော့ Glass ဝတ်ဆင်ထားသူတွေ အများကြီးပါပဲ။ ဒါပေမယ့် Glass ရဲ့ hardware တွေထဲမှာ RAM ကို ၂ဆမြှင့်တဲ့အနေနဲ့ 2GB အထိ တိုးချဲ့သွားမယ်လို့ I/O ပွဲမတိုင်ခင်မှာ Google ဘက်ကပြောခဲ့တာရှိပါတယ်။ Nest ကလည်း Dropcam ကို ဝယ်လိုက်တာမို့ smarthome တွေရဲ့ အလားအလာက ပိုကောင်းလာနေပါတယ်။

Android Wear စမတ်နာရီတွေဖြစ်တဲ့ Samsung Gear Live ရယ်၊ LG G Wear ရယ်ကို အခုကတည်းက ကြိုမှာလို့ရနေသလို၊ Moto 360 ကိုတော့ မကြာခင်မှာ ဝယ်လို့ရတော့မှာပါ။ Tablet အသစ်တွေလည်း မကြာခင် ထွက်လာဖို့ ရှိနေပါတယ်။ Google I/O ဟာ developer-focused conference ဖြစ်တာမို့၊ သူတို့ထုတ်ထားတဲ့ hardware တွေနဲ့ပတ်သက်ပြီး developer တွေအနေနဲ့ app တွေ software တွေ ဖန်တီးနိုင်အောင် အဓိကရည်ရွယ်ကျင်းပခဲ့တာဖြစ်ပါတယ်။

### Chromecast

Android TV ထွက်လာခဲ့ပေမယ့် Chromecast ကိုလည်း ချန်မထားခဲ့ပါဘူး။ ဒီဈေးသက်သာတဲ့ app streaming dongle ဟာ Android device တွေကို Chromecast mirroing လုပ်လို့ရသွားပါပြီ။ အရင်ကတော့ Chrome browser mirroring နဲ့ iOS Apple TV mirroring option တွေပဲရှိခဲ့တာပါ။ ဖုန်းနဲ့ tablet တွေကို screen အကြီးကြီးမှာ ကြည့်နိုင်ရုံသာမက Android camera app ကိုတောင်မှပဲ mirror လုပ်ယူနိုင်ပါတယ်။






# DISCOVERY

လူသားတွေ လကမ္ဘာကို သွားခဲ့တာ လွယ်လို့သွားခဲ့တာမဟုတ်ဘဲ ခက်ခဲလို့သွားဖြစ်ခဲ့တာပါ။ ၄၅နှစ်ကြာပြီးတဲ့အခါမှာတော့ ပိုလို့ခက်ခဲလာခဲ့ပြီး ကြီးမားလွန်းတဲ့ ဒုံးပျံယာဉ်တွေကိုလည်း ထုတ်လုပ်ခြင်းမရှိတော့ပါဘူး။ အပိုလို ခရီးစဉ်တွေနောက်ပိုင်းမှာ ကမ္ဘာပတ်လမ်းလောက်ထိပဲ လူတွေသွားတော့ပေမယ့် သိပ္ပံပညာရှင်တွေက ဒီအတိုင်း ငြိမ်နေကြတာတော့ မဟုတ်ပါဘူး။ အပြည်ပြည်ဆိုင်ရာ အာကာသစခန်းမှာ စမ်းသပ်ခဲ့တဲ့ နည်းပညာတွေက ဆက်သွယ်ရေးနဲ့ life-support လိုအရေးပါတဲ့ ကဏ္ဍတွေကို တိုးတက်လာစေခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ လူမပါတဲ့ ဂြိုဟ်တုတွေကြောင့် နေစကြဝဠာရဲ့မြေပုံဟာ ပိုပြီးတိကျလာခဲ့ပါတယ်။ တစ်ကမ္ဘာလုံးရဲ့ စိတ်ဝင်စားမှုလည်း ပြန်မြင့်တက်လာခဲ့တာကြောင့် လူသားတွေဟာ တခြားကမ္ဘာတွေဆီသွားဖို့ အသင့်ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် NASA နဲ့ European Space Agency ကလေ့လာနေတဲ့ အာကာသခရီးစဉ်အတွက် နည်းပညာတွေထဲက ဖြစ်နိုင်ချေအရှိဆုံးနည်းပညာ ၁၀မျိုးကို လေ့လာကြည့်ဖြစ်ခဲ့ပါတယ်။ ဒီအထဲကတချို့ကို အပြည်ပြည်ဆိုင်ရာအာကာသစခန်းမှာ လေ့လာနေပြီး တချို့ကိုတော့ နောက်နှစ်ထဲမှာ လက်တွေ့သရုပ်ပြစမ်းသပ်ဖို့ ရှိနေပါတယ်။ အင်္ဂါဂြိုဟ်ကို လူလွှတ်မယ့် အစီအစဉ်ဟာ အလွန်အမင်း ခက်ခဲဦးမှာဖြစ်ပေမယ့် စိတ်ကူးယဉ်သိပ္ပံဝတ္ထုတော့မဟုတ်တော့ပါဘူး။

## အခြားဂြိုဟ်ကမ္ဘာသို့ ခရီးနှင်ရန် လိုအပ်သော နည်းပညာများ အပိုင်း(၁)



### 1. နေရောင်ခြည်ဖြင့် ရွက်လွှင့်ခြင်း

ဒီနေ့ခေတ်သုံးနေကြတဲ့ ဒုံးပျံတွေဟာ လောင်စာဆီနဲ့ oxidiser ကို ဓာတ်ပြုရာကနေလောင်ကျွမ်းထွက်ရှိတဲ့ ဓာတ်ငွေ့တွန်းအားကို သုံးပါတယ်။ တွန်းအားမြင့်မားပေမယ့် လောင်စာဆီများစွာလိုအပ်ပါတယ်။ Solar Electric Propulsion ကိုတော့ ion drive လို့ လူသိများကြပြီး ဓါတုဓာတ်ပြုမှုမပါဘဲ တွန်းကန်အားရနိုင်ပါလိမ့်မယ်။ ဇီနွန်ဓာတ်ငွေ့နဲ့ တွန်းအားပေးပြီး သံလိုက်ခန်းထဲမှာ အီလက်ထရွန်များစွာရဲ့ အားနဲ့ စွမ်းအားကိုရယူပါတယ်။ အိတ်ဇောကနေထွက်လာတဲ့ အက်တမ်တွေရဲ့အရှိန်ဟာ တစ်နာရီ ကို ၁၄၄,၈၄၀ ကီလိုမီတာ (မိုင် ၉၀,၀၀၀)ထိရှိပါတယ်။ ဒါဟာ ဓာတုဒုံးပျံတွေထက် ၁၀ဆပိုထိရောက်ပါတယ်။ နေရောင်ခြည်နဲ့ ရွက်လွှင့်တဲ့နည်းဟာ တွန်းကန်အားသုံးတာထက်ပိုထိရောက်ပြီး အလင်းရဲ့အရှိန်ကို အားပြုနိုင်ပါတယ်။ ရွက်နဲ့ နေရောင်ထိပြီး ရောင်ပြန်သွားတဲ့အခါ ဖိုတွန်အမှုန်လေးတွေဆီက တွန်းအားကို အားနည်းပေမယ့် အဆက်မပြတ်ရနိုင်ပါတယ်။ လပေါင်းနှစ်ပေါင်းများစွာ ကြာတဲ့အခါမှာ ဒီနည်းကအာကာသယာဉ်ကို ဂြိုဟ်နဲ့ စကြဝဠာတွေကြား ကူးသန်းသွားလာနိုင်တဲ့ မြန်နှုန်းထိရစေပါတယ်။

### 2. ဂြိုဟ်ပေါ်သို့ ဆင်းသက်ခြင်း

အင်္ဂါဂြိုဟ်ရဲ့ လေထုဟာ ကမ္ဘာ့လေထုထက် အဆ ၆၀ မက သိပ်သည်းဆနည်းပါးတာကြောင့် ဂြိုဟ်ဆင်းယာဉ်တွေအတွက် လေထီးတစ်ခုတည်းနဲ့ မလုံလောက်ပါဘူး။ ဒီဗိုင်းတွေအရ လေထီးအတွက် ဒုံးယာဉ်တွေသုံးတာတောင်မှ ဆင်းသက်ရတဲ့နေရာဟာ Gale-crater လို မြေနိမ့်ဒေသမျိုးသာ ဖြစ်နေပါတယ်။ ဒီနည်းကို Viking ဂြိုဟ်ဆင်းယာဉ်ကတည်းက NASA ကဆက်တိုက် သုံးစွဲလာခဲ့ပါတယ်။ ယခုအခါမှာတော့ လေထီးပုံစံအသစ်ကို တီထွင်လာခဲ့ပြီး မြေမျက်နှာပြင်အမြင့်ပိုင်းတွေဆီကိုပါ ဆင်းသက်လာနိုင်တော့မှာဖြစ်ပါတယ်။ အင်္ဂါဂြိုဟ်ရဲ့ လေထုအနေအထားမျိုးရအောင် ဖန်တီးဖို့မလွယ်လို့ လက်တွေ့စမ်းသပ်ရတာကတော့ ခက်ခဲပါတယ်။ ပြောရရင် ဒုံးယာဉ်ရဲ့ နောက်ဆုံးအင်ဂျင်အစိတ်အပိုင်းကို ကွန်ပျူတာထဲမှာပဲ စမ်းသပ်နိုင်ပါတယ်။





### 3. တိကျစွာ လမ်းကြောင်းတွက်ချက်ခြင်း

အာကာသထဲမှာ အကွာအဝေးတိုင်းတာနိုင်တဲ့ တစ်ခုတည်းသောနည်းလမ်းက အချိန်ပါ။ တိကျတဲ့နာရီမရှိဘဲ ရောက်နေတဲ့ အကွာအဝေး ကို မသိနိုင်ပါဘူး။ အာကာသခရီးစဉ်တွေအတွက် Atomic clock တွေဟာ တိကျတဲ့ အချိန်ကိုပေးနိုင်ပါတယ်။ Deep Space Atomic Clock (DSAC) ဟာ ကမ္ဘာမှာ အတိကျဆုံးနာရီဖြစ်ပြီး အာကာသခရီးဒဏ်ခံနိုင်တဲ့ သေတ္တာထဲမှာထည့်ထားရင် ၁၇.၅ ကီလိုဂရမ် (၃၉ပေါင်) လေးပါတယ်။ DSAC ဟာ GPS ထက် ၁၀ဆပိုတိကျပြီး အာကာသယာဉ်တွေဟာ တဖြည်းဖြည်းနဲ့ ကိုယ်တိုင်တည်နေရာနဲ့ မြန်နှုန်းကို တွက်ချက်နိုင်လာဖို့ ရှိပါတယ်။ ဒါဟာအရေးပါပြီး အကြောင်းက ကမ္ဘာကဝေးသွားတာနဲ့ မြေပြင်စခန်းနဲ့ ဆက်သွယ်ရာမှာ နှောင့်နှေးမှုရှိလာလို့ပါပဲ။ ကမ္ဘာကနေ အင်္ဂါဂြိုဟ်ဆီ ရေဒီယိုအချက်ပေးလှိုင်းရောက်ဖို့ ၃ မိနစ်ကနေ ၂၂ မိနစ်ထိ ကြာနိုင်ပါတယ်။ ဒါကြောင့် ကမ္ဘာကညွှန်ကြားချက်ကို စောင့်နေဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် DSAC ဟာ တိကျတဲ့ ခရီးစဉ်အတွက် အရေးပါပါတယ်။

### 4. ဆွဲငင်အားပြဿနာ

အာကာသထဲမှာ အရာအားလုံးပေါလောမျောပါနေတာ မှန်ပေမယ့် ဒီလိုမြေဆွဲအား မရှိခြင်းဟာ ကျန်းမာရေးအတွက် ဆိုးဝါးပါတယ်။ အာကာသယာဉ်မှူးတွေအနေနဲ့ တစ်ပတ်အတွင်းမှာ ကြွက်သားထုရဲ့ 5% ထိဆုံးရှုံး နိုင်ပြီး အရိုးသိပ်သည်းဆလျော့နည်းသွားတာကလည်း ကမ္ဘာပြန်ရောက်ပြီး နှစ်ပေါင်းများစွာအထိ ကြာမှပြန်ကောင်းပါလိမ့်မယ်။ ဆွဲငင်အားမရှိတာကြောင့် ဦးနှောက်ထဲက အရည်တွေနဲ့ ဖိအားတက်လာပြီး မျက်စိနဲ့ ပတ်သက်တဲ့ ပြဿနာတွေရှိလာနိုင်ပါတယ်။ သွေးရဲ့ စုစုပေါင်းပမာဏ တစ်ရက်ကို ၂နာရီလေ့ကျင့်ခန်းလုပ်ရုံး ဒါနဲ့ပဲ မလုံလောက်သေးပါဘူး။ ဒါကြောင့် လည်ပတ်နေတဲ့ centrifuge အစိတ်အပိုင်းနဲ့ မြေဆွဲအားအတုကို ဖန်တီးရမှာဖြစ်ပါတယ်။ ဒါပေမယ့် ကြီးမားဖို့လိုအပ်ပြီး ၁၂မီတာ (၃၉ပေ) အချင်းရှိတဲ့ ကွင်းတစ်ကွင်းဟာ 10rpm နဲ့ လည်ပတ်ခဲ့ရင်တောင် ကမ္ဘာ့မြေဆွဲအားရဲ့ 69% ပဲရနိုင်ပါတယ်။ အင်္ဂါဂြိုဟ်ရဲ့ မြေဆွဲအားက ကမ္ဘာရဲ့ 38% ပဲရှိတယ်ဆိုတာကိုလည်း ထည့်တွက်ကြရဦးမှာပါ။

ASUS®

reddot award 2014
winner

# Zenfone™ 5

## Beautifully Crafted, Just for You



NO. 1 QUALITY AND SERVICES

TOP 2 CONSUMER NOTEBOOK BRAND

TOP 2 ANDROID TABLET BRAND

| | |
|---|---|
| Netowork | : 2G Network<br>GSM 850 / 900 / 1800 / 1900 - SIM 1 & SIM 2<br>3G Network<br>HSDPA 850 / 900 / 1900 / 2100 |
| SIM: | Optional Dual SIM (Micro-SIM, dual stand-by) |
| Dimensions: | 148.2 x 72.8 x 10.3 mm (5.83 x 2.87 x 0.41 in) |
| Weight : | 145 g (5.11 oz) |
| Display: | 720 x 1280 pixels, 5.0 inches<br>(~294 ppi pixel density) |
| Protection: | Corning Gorilla Glass 3 |
| Memory: | Card slot microSD, up to 64 GB<br>Internal 16/32 GB, 1 GB RAM |
| WLAN: | Wi-Fi 802.11 b/g/n, Wi-Fi Direct, Wi-Fi hotspot |
| Bluetooth: | Yes, v4.0 with A2DP, EDR |
| Camera Primary: | 8 MP, 3264 x 2448 pixels, autofocus, LED flash |
| Features: | Glove Touch Support |
| Secondary: | Yes, 2 MP |
| OS: | Android OS, v4.3(Jelly Bean),<br>Upgradeable to 4.4.2 (Kitkat) |
| Chipset: | Qualcomm MSM8926 Snapdragon 400 |
| CPU: | Intel® Z2560(1.6GHz) 2x2 Core |
| Sensors: | Accelerometer, proximity, compass |
| Colors: | Black, White |
| Battery: | Non-removable Li-Po 2110 mAh battery |




Distributed by: MobiTel Communication Co., Ltd.

#63, MobiTel Tower, Latha Road (Lower Block), Latha Township, Yangon, Myanmar.Tel : +959-420051029



Simple is the New Smart
LG G3
SIMPLE IS THE NEW SMART
Now It's All Possible
6:00PM
PM
6:00
TUESDAY
MAY 27
LG
LG
4x QuadHD
Beyond Full HD
OIS+ LASER AF
HD ထက် ရှပ်ထွက်
4 ဆသာလွန် ကောင်းမွန်မှု
မျက်နှာပြင်အကျယ် ၅.၅ လက်မရှိ
Quad HD IPS ၁၀၀% ရာနိုင်နှုန်း
ကြည်လင်ပြတ်သားစေမှု
13MP အလျင်မြန်ဆုံး
အရည်အသွေးရှိ
လေဆာပါဝါ OIS+ ကင်မရာ
LED Flash နှစ်ခုပါရှိခြင်း
ဘက်စုံသုံး ဆုံမှတ် ထားရှိနိုင်မှု
လက်တစ်ဖက်ဖြင့် ပေါ့ပါးစွာ
ကိုင်ဆောင်နိုင်သည့်
သတ္တုကိုယ်ထည်ဒီဇိုင်း
LG
Life's Good






# HUAWEI Ascend P7
## Excellence With Edge

**Redefining Craftsmanship**

- ၆.၅ mm သာရှိသော ကျစ်လစ်ပါးလွှာပြီး သယ်ဆောင်ရလွယ်ကူသော ဖုန်း၏ကိုယ်ထည်
- ချောမွေ့သော အထိအတွေ့ကို ခံစားပေးနိုင်မည့် ၇ လွှာရှိ ဖန်သားမျက်နှာပြင်နှင့် သတ္တုကိုယ်ထည်

**Redefining Camera Experience**

- စွမ်းဆောင်ရည်အမြင့်ဆုံး 8MP ကို အသုံးပြုထားသော ရှေ့camera
- အလင်းရောင်နည်းသော နေရာတွင် အကောင်းဆုံးသော ရုပ်ပုံကိုပေးစွမ်းနိုင်မည့် 13MP ရှိ နောက် camera

**Redefining Connectivity**

- 2500 mAH ရှိ battery နှင့် power saving mode ကို အသုံးပြုထားသောကြောင့် battery သက်တမ်း ကြာရှည်ခံနိုင်ခြင်း
- dual antenna ကို အသုံးပြုထား၍ လိုင်းဆွဲအားအထူးကောင်းမွန်ခြင်း

consumer.huawei.com

Catch up with us on facebook
facebook.com/ HuaweiDeviceMyanmar

Product colour, shape and phone interface are for reference only. The actual product may vary. EMUI functions and applications may vary by region.

vivo
Hi-Fi & Smart




# X3S

## Extremely Thin and Fast

- Extremely thin
- Hi-Fi DAC chip ES9018
- Octa-core 1.7 GHz processor
- 5.0" HD main display
- Dual sim card and dual standby




New Member **SYH-K7**

1600mAh Battery,Long Standby!.

*Don't need to worry about your phone with low battery Any more!*






- Network : 850/900/1800/1900 MHz • 2.2" LCD Display Screen • Language : English, Chinese, Myanmar • Color : Black , Blue , Yellow , Green • Battery : 1600mAh
- Selling Point : Bluetooth, FM Radio, Dual SIM, MP3 MP4, Torch, Support TF card slot, GPRS, Calculator, Clock ,Camera ,Loud Box Speaker , Nokia 3.5mm Audio Jack

**Yangon:** No.(54),Latha Street (Lower Block), Latha Township,Yangon. Tel : 01-382768, 09-5114948 09-73161759, 09-73197532

**Mandalay:** No.(817)9(ခ), Bet:62nd x 63rd & 31st x 32nd Sts; Mandalay. Tel :02-39681,02-71084, 09-6810474, 09-2017567



hello®
mingalarpar . life
1 တစ်နှစ်အာမခံ
X-TIGI
MTK 6582 1.3 GHZ QUAD CORE
ANDROID 4.2.2
5.0 INCH HD IPS (OGS panel)
1280 * 720px
REAR 13 MP + FRONT 5.0 MP
2000 MAH
GSM + WCDMA
ROM 64 GB + RAM 8 GB
V1
GSM + WCDMA
MTK 6582 1.3 GHZ QUAD CORE
ANDROID 4.2.2
5.0 INCH HD IPS
REAR 5.0 MP + FRONT 2.0 MP
2200 MAH BATTERY
ROM 64 GB + RAM 4 GB
V2
GSM + WCDMA
MTK 6582 1.3 GHZ QUAD CORE
ANDROID 4.2.2
5.0 INCH HD IPS
REAR 5.0 MP + FRONT 2.0 MP
2200 MAH BATTERY
ROM 64 GB + RAM 4 GB
www.icall-hello.com
No. 23/room1, Aung Thapyay Street, Mingalar Taungnyut Tsp.
Ph: 09-420077333, 09-425320111




# ZXET

- CF191 သည် (CDMA) 450 / 800 Model Handset ဖြစ်ပြီး Camera နှင့် Memory Card ထည့်ရန် မရှိပါ။
- CF192 သည် (CDMA) 450 / 800 Model Handset ဖြစ်ပြီး Camera နှင့် Memory Card ထည့်ရန် ပါရှိသည်။



# GH Mobile

GH Mobile မှ ဆိုင်ခွဲသစ်အား ယုဇနပလာဇာ၊ တတိယထပ်အမှတ် (A-19) တွင် ထပ်မံ ဖွင့်လှစ်ထားပါတယ်။



**Galaxy S5 (China)**
Internet - 3G / Memory - 18G
Version - 4.4.2

**iPhone 5C (China)**
Version - 7.0 / Internet - 3G
Memory - 32G

**iPhone 5S (China)**
Internet - 3G / Version - 7.0.2
Memory : 16G

**Galaxy S4 (China)**
Camera - 800W / Internet - 3G
Memory - 16G / CPU နှစ်ခုပါ





**Note III (China)**
Internet - 3G / Version - 4.4.2
Memory - 16G

**Note II (China)**
Camera - 800W/Internet - 3G
CPU နှစ်ခုပါ

**Tablet 7", 9", 10"**
(Internet / 3G)

**Galaxy Tab 2 (China)**
Version - 4.2.2
Memory - 4G / 8G



**Model : G977 - 9"**
Memroy : 8GB, Wifi, Bluetooth,
GSM / WCDMA (2G) Sim Card Slot

**GH Mobile တွင်ရှိသော Tablet များကို ဈေးနှုန်းချိုသာစွာဖြင့် အထူး Promotion ချပေးနေပါသည်။**

**"ဖုန်းနှင့် ဖုန်းအပိုပစ္စည်းအမျိုးမျိုး၊ ဖုန်းပြုပြင်ရန်အတွက် လိုအပ်သော စက်ပစ္စည်း ကိရိယာမျိုးစုံတို့ကိုရောင်းချပေးနေပါသည်။"**

**GH Mobile မှ Tablet, China Samsung Clone အမျိုးမျိုးကိုလက္ကားဖြင့်ချိရောင်းချပေးနေပါသည်။**

(C-12) ပထမထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၅၂၈၁၃၃၃၊ ၀၉ ၇၃၀၁၂၆၆၆၊ ၀၁-၂၀၀၇၄၇ (Ext : 2066) Service Phone : 09 425281333, 09 31425333

# NEWS
## LOCAL UPDATE

### LENOVO မှ ရက်ပေါင်း ၁၀၀ အတွင်းဝယ်ယူသော customer များအား ကံထူးရှင်ရွေးချယ်ပွဲ ကျင်းပ

Lenovo ကို ချစ်မြတ်နိုးပြီး နှစ်ခြိုက်စွာဝယ်ယူအားပေးကြသော customer များအတွက် ဇွန်လ ၂၇ရက်နေ့မှ စပြီးရက်ပေါင်း ၁၀၀အတွင်း Lenovo notebook, Desktop နဲ့ Tablet စသော Lenovo Brand များကိုဝယ်ယူလျှင် နောက်ထပ်အဖိုးတန် Lenovo ပစ္စည်းများကို မေတ္တာလက်ဆောင်ထပ်မံရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။ မေတ္တာလက်ဆောင်များအနေဖြင့် Lenovo Yoga Notebook ၁၀ဆု၊ Lenovo Flex 14" Notebook ၁၀ဆု၊ Lenovo Miix 10 windows 8 Tablet ၁၀ဆု၊ Lenovo K900 Smartphone ၁၀ဆု၊ Lenovo Yoga Tablet 8" ၁၀ဆု၊ Lenovo A1000 Tablet ၁၀ဆု၊ Lenovo Think Pad Back ၁၀ဆု၊ Lenovo wireless Mouse ၁၀ဆု၊ Lenovo Headphones ၁၀ဆုနှင့်အတူ US Dollar 100 အပါအဝင် စုစုပေါင်းသိန်း ၃၀၀ ကျော်တန်ဖိုးရှိတဲ့ ဆုမဲပေါင်း ၁၀၀ပါဝင်မည်ဖြစ်ကြောင်းသိရသည်။ မည်သည့် Lenovo အရောင်းဆိုင်မှာမဆို lenovo Notebook, Desktop. Tablet ဝယ်ယူပါက Lenovo 100 coupon ရရှိမည် ဖြစ်ပြီး ရက်ပေါင်း ၁၀၀အစီအစဉ်ပြီးဆုံးလျှင်ကံထူးသူ winner အယောက် ၁၀၀ကို Lenovo မှအထူးအစီအစဉ်များဖြင့်လည်းကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အနည်းဆုံး ၁ သိန်းကျော်တန် Lenovo Tablet ဝယ် ယူအားပေးရုံနဲ့ ၉သိန်းကျော်တန်ဖိုးရှိတဲ့ Lenovo Yoga Notebook ကို ကံစမ်းနိုင်မှာဖြစ် ကြောင်းသိရသည်။ အသေးစိတ်သိရှိလိုပါက Hot Line 01-245180 ကို မေးမြန်းဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

ရဲလင်းစိုး

### KMD Education Centre မှ Greenwich University (UK) B.Sc (Hons) B.I.T ဘွဲ့ရရှိလိုသူများအတွက် သင်တန်းဖွင့်လှစ်

IT Professional တစ်ယောက်အနေဖြင့် အသက်မွေးဝမ်းကြောင်းပြုလိုသူများသည် England နိုင်ငံရှိ Greenwich တက္ကသိုလ်သို့ သွားရောက်ရန် မလိုဘဲ (၃)နှစ်တက်ရောက်ရုံဖြင့် နိုင်ငံတကာအသိအမှတ်ပြု B.Sc (Hons) B.I.T ဘွဲ့ကို မြန်မာနိုင်ငံတွင် တက်ရောက်ရယူနိုင်မည်ဖြစ်ကြောင်းသိရသည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအနေဖြင့် ပထမနှစ် Level-4 Diploma in Computing L4DC ကို တက်ရမည်ဖြစ်ပြီး အဆိုပါ Level-4 ကို အောင်မြင်ပါက L4DC International Diploma ကို ရရှိမည်ဖြစ်ကြောင်းသိရသည်။ နောက်ဆုံးနှစ်တက်ရောက်အောင်မြင်ပြီးလျှင် B.Sc (Hons) B.I.T ဘွဲ့ကိုရရှိမှာဖြစ်ပြီး On job Training ဆင်းနိုင်ရန်လည်း အခွင့်အရေးရှိ၍ အလုပ်အတွေ့အကြုံပါ တစ်ပါတည်းရရှိသွားမှာဖြစ်ကြောင်းသိရသည်။ International Diploma ၂ခု၊ International Degree ၁ခုနဲ့ အတူလုပ်ငန်းအတွေ့အကြုံရရှိနိုင်မည့် အခွင့်အလမ်းကို KMD Education centre မှ ကျောင်းသား ကျောင်းသူများကို အကောင်းဆုံးသင်ကြားမှုပုံစံများနှင့်အတူ ဝန်ဆောင်မှုများ ပေးနေကြောင်းလည်း သိရသည်။ KMD မှ ကမ္ဘာတစ်ဝန်းအမှတ်အများဆုံးဆုရှင်၊ အာရှတစ်ဝန်းအမှတ်အများဆုံးဆုရှင် အပါအဝင် ထူးချွန်သော ကျောင်းသားများစွာကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိကြောင်းသိရသည်။ ပထမနှစ်ကို စတင်တက်ရောက်လိုသူများအတွက် L4DC သင်တန်းအသစ်ကို 12 July 2014 တွင် (Sat to Sun: 7am to 2pm) မြေနီကုန်း KMD စင်တာတွင်လည်းကောင်း၊ 25 July 2014 တွင် (Mon to Fri: 11:30am to 3pm) လမ်းမတော် (China Town) KMD စင်တာတွင်လည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။ ယခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း မိမိရရှိသော ဂုဏ်ထူးအရေအတွက်အလိုက်သင်တန်းကြေးကင်းလွတ်ခွင့်များ (၂၀% မှ ၁၀၀% အထိ) ဖြင့် တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ အသေးစိတ်သိရှိလိုပါလျှင် ဖုန်း (၀၁-၇၀၀၈၅၅)သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရှိရသည်။

ရဲလင်းစိုး

### GIGABYTE မှ Happy Summer Lucky Draw ကံထူးရှင်ရွေးချယ်ပွဲကျင်းပ

Power Golden Technology မှ တင်သွင်းသည့် Gigabyte Product များကို ဝယ်ယူအားပေးကြသည့် customer များကို ကျေးဇူးတုန့်ပြန်သည့်အနေဖြင့် Gigabyte Happy Summer Lucky Draw အစီအစဉ်မှ ကံထူးရှင်များရွေးချယ်ပွဲကို ဇွန်လ ၂၄ရက်နေ့က မဟာဗန္ဓုလပန်းခြံလမ်းရှိ Orchid Hotel ၌ နေ့လည် (၂)နာရီတွင် ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။ Promotion ကာလဖြစ်သော မတ်၊ ဧပြီ၊ မေလတို့တွင် Gigabyte Product များကို ဝယ်ယူအားပေးခဲ့ကြသော customer များအတွက် ကျေးဇူးတုန့်ပြန်သည့်အနေဖြင့် Gigabyte product မှ Mother Board တစ်လုံးဝယ်ယူသော Customer တစ်ဦးကို ကူပွန်တစ်စောင်စီပေးအပ်ခဲ့ကြောင်းသိရသည်။ အဆိုပါအစီအစဉ်မှ ကံထူးရှင်များသည် ဆုမဲများကိုမိမိ ဝယ်ယူခဲ့သည့်ဆိုင်များတွင် ထုတ်ယူရမည်ဖြစ်ပြီး၊ အချိန်ကာလကိုတော့ နှစ်လသတ်မှတ်ထားကြောင်း သိရသည်။ ဆုမဲထုတ်ယူရာတွင် ကံထူးရှင်များအနေဖြင့် မှတ်ပုံတင်နှင့်ကူပွန်တို့လိုအပ်မည်ဖြစ်ကြောင်း သိရသည်။ သတ်မှတ်ကာလကျော်လွန်သွားပါက ဆုမဲများကို ဆိုင်သို့ပြန်သွင်းသွားမည်ဖြစ်ကြောင်းသိရသည်။ ယခုကဲ့သို့ အစီအစဉ်မျိုးကို တစ်နှစ်လျှင်တစ်ကြိမ်ကျင်းပပြုလုပ်သွားဖွယ်ရှိကြောင်း သတင်းရရှိသည်။

ရဲလင်းစိုး




DGVO
Model - Mini N97
Network - CDMA 800 MHz
LCD - 2.0"
Camrea - 3.2 Mega Pixel
Selling Point - Extroverted FM , MP3 , Bright Flashlight
TF Card slot , Bluetooth , Big Battery
Language - English , Chinese
Colour - Yellow , Black , Green , Blue
High Storage Battery , Best Signal
We know you need
a good quality phone!
Model - C800e
Network - CDMA 800MHz+GSM
LCD - 2.0"
Camrea - 3.2 Mega Pixel
Selling Point - Extroverted FM , MP3 , Bright Flashlight
TF Card slot , Bluetooth , Big Battery
Language - English , Chinese
Colour - Orange , Yellow , Black , Green , Blue


All Have Myanmar And English
Model:ET818/313
CDMA800 MHZ/CDMA450MHZ
Colour Screen
Model:ET302
CDMA800 MHZ
MP3/FM
Model:ET301
CDMA450MHZ
Strong Signal
Model: G900e/C830e/C450e
PTT


ဖုန်းကိုယ်ထည်အကြမ်းခံ ဓာတ်ခဲအားခံ
လှိုင်းဆွဲအားကောင်းမွန်ပြီး
CH–8 ဖုန်းဝယ်ယူသူတိုင်း ဓာတ်ခဲ(၁)လုံး
နှင့်ဖုန်းအိတ်(၁)လုံး လက်ဆောင် ပေး သွားမည်ဖြစ်သည်။
LAND ROVER


T.LAND
IT , Digital & Mobile Center
ဇွန်လ (၁၆) ရက်နေ့မှ ဇူလိုင်လ (၁၆) ရက် နေ့ အထိ မိုးရာသီအထူး Promotion Sales
5.3-Inch Lenovo Golden Warrior S8 (198,000Ks)
The Lenovo Golden Warrior S8 sports a 5.3-inch LTPS display with a resolution of 1280 x 720 pixels and comes with Gorilla Glass.
Under the hood, there is a MediaTek MTK6592M chipset with octa-core CPU clocked at 1.4GHz.
The device also features 2 GB of RAM 16GB of internal memory with the ability to expand it via microSD card, and 13 megapixel rear camera with LED flash, 5 megapixel front facing shooter .
GSM Sim card network and using Android 4.2.2 Operating System
1Year Software Service Warranty
lenovo K910 / K900
318,000Ks / 298000Ks
5.5" 1920 x 1080
Quad Core 2.2 GHz / Intel Z2580 2.0 GHz
RAM 2 GB, 16 GB
4.3 / 4.2
Rear Camera 13.0 MP Front Camera 5.0 MP
GSM + WCDMA (3G)
3000mAh
Silver / Black
lenovo S930 / S939
212,000Ks / 233,000Ks
6" 1280 x 720
Quad Core 1.2 GHz / Octa Core 1.7 GHz
RAM 1 GB, 8 GB
4.2.1 / 4.2.2
Rear Camera 8.0 MP Front Camera 3.0 MP
GSM + WCDMA (3G)
3000mAh
Silver / Gray
lenovo S860 / S850
238,000Ks / 205,000Ks
5.3" 1280 x 720
Octa Core 1.3 GHz
RAM 2 GB, 16 GB/ RAM 1 GB, 16 GB
4.2
Rear Camera 8.0 MP Front Camera 1.5 MP
GSM + WCDMA (3G)
4000mAh / 2000mAh
Gray / Black
lenovo A889
160,000Ks
6" 960 x 540
Quad Core 1.3 GHz
RAM 1 GB, 8 GB
4.2.2
Rear Camera 8.0 MP Front Camera 0.3 MP
GSM + WCDMA (3G)
2500mAh
Black / White
HTC D816 / D616
327,000Ks / 246,000Ks
5.5" 1280 x 720
Quad Core 1.6 GHz / Octa Core 1.7 GHz
RAM 2 GB, 8 GB / RAM 1 GB, 4 GB
4.4.2 / 4.2.2
Rear Camera 13.0 MP Front Camera 5.0 MP
GSM + WCDMA (3G)
2600mAh
Black / White / Orange
Sony Xperia T2
347,000Ks
6.0" 1280 x 720
Quad Core 1.4 GHz
RAM 1 GB, 8 GB
4.3
Rear Camera 13.0 MP Front Camera 1.1 MP
GSM + WCDMA (3G)
3000mAh
White
Xiaomi MI Note / MI 3
155,000Ks / 170, 000Ks
5.5" 1280 x 720
Octa Core 1.4 GHz / Quad Core 2.3 GHz
RAM 2 GB, 16 GB
4.2.2
Rear Camera 13.0 MP Front Camera 5.0 MP
GSM + WCDMA (3G)
3200mAh / 3050 mAh
White
Coolpad 8750 / 7320
148,000Ks / 148,000Ks
5.5" 1920 x 1080
Quad Core 1.2 GHz / Octa Core 1.7 GHz
RAM 1 GB, 16 GB
4.2
Rear Camera 8.0 MP Front Camera 2.0 MP
GSM + WCDMA (3G)
2500mAh
White
ASUS FonePad K012
165,000Ks
7" 1280 x 800
Intel Z2560 1.6 GHz
RAM 2 GB, 8 GB
4.3
Rear Camera 2.0 MP Front Camera 0.5 MP
GSM + WCDMA (3G)
4000mAh
White
Colorfly E708 / E709
95,000Ks / 125,000Ks
7" 1280 x 800
Quad Core 1.2 GHz
RAM 1 GB, 8 GB / RAM 1 GB, 16 GB
4.2
Rear Camera 0.3 MP Front Camera 0.3 MP
GSM + WCDMA (3G)
3400mAh
White
lenovo S5000
185,000Ks
7" 1280 x 800
Quad Core 1.2 GHz
RAM 1 GB, 16 GB
4.2
Rear Camera 5.0 MP Front Camera 1.6 MP
GSM + WCDMA (3G)
3450mAh
Silver
Teclast P79HD
165,000Ks
7" 1920 x 1200
Intel Z2580 2.0 GHz
RAM 2 GB, 16 GB
4.2
Rear Camera 5.0 MP Front Camera 2.0 MP
GSM + WCDMA (3G)
3500mAh
Light Gold
PowerBank
PHILIPS SAMSUNG
iPhone POWER9
Buy Mobile & 3G Tablet
Free Gift
(Save 5000Ks)
(5000Ks Prepaid Card)
Buy Wifi Tablet
Free Gift
(Save 10000Ks)
Tablet Bag
Colorfly i106 Q1 Ramos i10
275,000Ks / 418,000Ks
10.1" 1280 x 800 1920 x 1200
Intel Quad Core 1.3 GHz Intel Quad Core 1.8 GHz
RAM 2 GB, 32 GB
Window 8.1 / Android 4.2.2
Rear Camera 5.0 MP / Rear Camera 2.0 MP
GSM + WCDMA (3G)
7900mAh / 7500mAh
Black / White
Yangon: No. 77, Pansodan Road (Lower Block), Between Mahabandoola & Merchant Road, Kyauktada Township. Tel: (01) 382 868, 398 343
Mandalay: No. (D-5), 33rd Street, Between 77x78 Road Tel: 0952 32098, 0968 07466

